# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၇၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



အမျိုးသမီး လှံတံပစ် F 44/62/63/64 ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာအားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ချီးမြှင့်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄) ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက အမျိုးသားတစ်ဦးချင်း (အကျောမဲ့) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ

*စာမျက်နှာ ၃ ကော်လံ ၁* ❖



မသန်စွမ်းအားကစားပြိုင်ပွဲ အမျိုးသား မီတာ(၁၀၀) T64 ပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များ အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။

## ၈ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ နှင့် အထက်ရှိသော စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅,၃၃၀,၀၀၀ ကျပ် ဖြစ်သည်။

(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)

## ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများတွင် အားကစားဝါသနာရှင်များ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်

နေပြည်တော် ဒီဇင်ဘာ ၈

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း (၆)မျိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း(၂၃)မျိုးဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားဥယျာဉ်အတွင်းရှိ အားကစားကွင်း/အားကစားရုံများ၊ ပြည်ထောင်စုနယ်မြေနေပြည်တော် အားကစားကွင်း/အားကစားရုံ (ရွှေကြာပင်)၊ ပေါင်းလောင်းအားကစားကွင်း၊ နေပြည်တော်လေ့ကျင့်ရေးကွင်း(၂) (လယ်ဝေး)၊

*စာမျက်နှာ ၆ ကော်လံ ၁* ◆

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❖ *ရှေ့ဖုံးမှ*

ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က တစ်ဦးချင်း(အကျောပေး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော် အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ကောင်စီဝင် ဦးရွှေကြိမ်းက အသင်းလိုက်(အကျောမဲ့)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အသင်းလိုက်(အကျောပေး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

### ကြည့်ရှုအားပေး

ထို့ပြင် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို လယ်ဝေး TC-2 အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမသန်စွမ်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသားသံလုံးပစ် F62/63 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမျိုးသားလှံတံပစ် F56/57 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသား မီတာ(၈၀၀) T 46/47 အပြေး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေး တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆု ရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျောပေး)ပြိုင်ပွဲတွင် ပထမဆုရ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက်(အကျောမဲ့) ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ဂေါက်သီးရိုက်ပြိုင်ပွဲ တစ်ဦးချင်း(အကျောပေး) ပြိုင်ပွဲတွင် ပထမဆုရ တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၃ မှ

ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား အလျားခုန် T 42 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒုတိယနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အမျိုးသမီး လုံတံပစ် F 44/62/63/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်အသင်းများကိုလည်းကောင်း၊ အမျိုးသမီး မီတာ(၁၀၀) T44/64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသား သံပြားပစ် F46 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး လုံတံပစ် F 54/55 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသားမီတာ (၁၀၀) T46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားလုံတံပစ် F 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ(၁၀၀) T64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

အလားတူ မသန်စွမ်းအားကစားပြိုင်ပွဲ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို လယ်ဝေး TC-2 အားကစားကွင်း ဘော်လီဘောရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် ဗိုလ်မှူးချုပ် စိုးကျော်ထက်တို့က တစ်ဦးချင်းနေရာအလိုက် အကောင်းဆုံးဆုရရှိကြသည့် အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ပွဲတော်အထိမ်းအမှတ်အရုပ်ပေးအပ်**

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရွှေကြာပင်အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက ပူးတွဲတတိယဆုရရှိသည့်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အမျိုးသားမီတာ (၁၀၀) T46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ အောင်မြင့်မြတ်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဂေါက်သီးရိုက်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း (အကျောမဲ့)ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အမျိုးသမီး လုံတံပစ် F 54/55ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ထက်ထက်အေးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ အမျိုးသား အလျားခုန် T 42 ပြိုင်ပွဲတွင် ပထမဆုရ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဇော်မင်းထွန်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း အမျိုးသမီး လုံတံပစ် F 44/62/63/64 ပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ လော်လာဝင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၄ မှ

မန္တလေးတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။





ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများ ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C) ရုံ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့က အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်တို့က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် (၂၀၂၄) ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားများတွင် ပါဝင်ချိတက်မည့် ဝန်ထမ်းများ၊ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများ တွေ့ဆုံမှာကြား

**နေပြည်တော် ဒီဇင်ဘာ ၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများတွင် ပါဝင်ချိတက်ကြမည့် ကျန်းမာရေးဝန်ထမ်းများ၊ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြုအားကစားသမားများ၊ အုပ်ချုပ်သူများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့်သူများကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အားပေးစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများတွင် စနစ်တကျ ပျော်ရွှင်စွာ ပါဝင်ဆောင်ရွက်ရေး၊ ပြိုင်ပွဲဝင်အားကစားသမားများ အားလုံး ကျန်းမာရေးကောင်းမွန်စေရန် အစားအသောက်/အနေအထိုင် အထူးဂရုပြုဆောင်ရွက်ရေး၊ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်နိုင်ရေး၊ ပါဝင်ဆောင်ရွက်ခွင့်ရရှိသည့်အခွင့်အရေးမှ အတွေ့အကြုံကောင်းများရယူရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားအားကစားပွဲတော် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၌ အသုံးပြုသည့် လူနာတင်ယာဉ်များတွင် ထိခိုက်ဒဏ်ရာလူနာများအတွက် အရေးပေါ်အသက်ကယ်ဆေးနှင့် ဆေးပစ္စည်းများ ဖြည့်ဆည်းထားရှိမှုနှင့် စနစ်တကျအသုံးပြုနိုင်ရေး စီစဉ်ထားရှိမှု၊ အောက်ဆီဂျင်၊ အသက်ရှူကိရိယာ၊ လူနာအခြေအနေအလိုက် သယ်ယူပို့ဆောင်ပစ္စည်းအမျိုးမျိုး၊ အလွယ်တကူ သယ်ဆောင်နိုင်သည့် ဆေးအိတ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်နှင့်အညီ လွယ်လင့်တကူ အသုံးပြုနိုင်ရေး စီစဉ်ထားရှိရန် မှာကြားသည်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ရေကောင်းရေသန့်သုံးစွဲရေးနှင့် အစားအစာကြီးကြပ်မှုလုပ်ငန်းအဖွဲ့၊ ကူးစက်ရောဂါနှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းကာ အလေးထားဆောင်ရွက်လျက်ရှိပြီး အားကစားနည်းအမျိုးအစားများအလိုက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးအဖွဲ့ ၃၈ ဖွဲ့၊ ကျန်းမာရေးဝန်ထမ်း ၂၅၀ ကျော်တို့က အားကစားပြိုင်ပွဲများ အပါအဝင် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနား၊ ဖျော်ဖြေရေးအဖွဲ့များကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ ထို့ပြင် ရွာတော်တည်းခိုရေးစခန်းတွင်လည်း ၂၄ နာရီ ဆေးခန်းဖွင့်လှစ်ထားရှိကာ ဆေးပညာ၊ အရိုးနှင့် အကြောအဆစ်အထူးကုဆေးခန်းအချိန်ပိုင်းဖွင့်လှစ်ထားရှိပြီး သက်ဆိုင်ရာအထူးကုဆရာဝန်များဦးဆောင်၍ လာရောက်ပြသသည့်လူနာများကို ကြည့်ရှုကုသစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းရင်းဆေးခန်းလည်း ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ စည်ပင်ရိပ်သာနှင့် အားကစားရွာ (Gold Camp) တို့တွင်လည်း ၂၄ နာရီ ဆေးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး လယ်ဝေးသင်တန်းကျောင်း၌ တည်းခိုနေထိုင်ကြသော မသန်စွမ်းအားကစားသမားများအတွက် ၂၄ နာရီဆေးခန်းဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ 8 KVA မီးစက် တစ်လုံး၊ ဂွမ်းကပ်မွေ့ရာ ၃၀၀၊ စောင် ၃၀၀ နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ လျှပ်စစ်မီး အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ကံသာယာ ဓမ္မရိပ်သာကျောင်းတိုက်ကို 8 KVA မီးစက်လှူဒါန်း ခြင်းနှင့် ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ ဂွမ်းကပ်မွေ့ရာ ၃၀၀၊ စောင် ၃၀၀နှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ကျေးရွာ ကံသာယာဓမ္မရိပ်သာကျောင်းတိုက် ၌ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယ ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပုဗ္ဗသီရိမြို့နယ် ကံသာယာဓမ္မရိပ်သာ ကျောင်းတိုက်နှင့် ကလေးမြို့နယ် ကံသာယာထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းတိုက်တို့၏ ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇဝန မထေရ်မြတ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညို ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဘဒ္ဒန္တ ဇဝန မထေရ်မြတ်နှင့် ဆရာတော်ကြီးများထံ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အလှူရှင် ဦးကျော်စိုးဝင်း(ခ)ဦးခန့်စည်သူနှင့် တာဝန်ရှိသူများ က လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဂွမ်းကပ်မွေ့ရာနှင့် စောင်များကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူရှင် ဦးကျော်စိုးဝင်း(ခ) ဦးခန့်စည်သူက 8KVA မီးစက်နှင့် ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် ဂွမ်းကပ်မွေ့ရာ များ၊ စောင်များ၊ လှူဖွယ်ပစ္စည်းများနှင့် နယ်စပ် တောင်တန်းဒေသများရှိ သာသနာပြုဌာနများ အတွက် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူ၍ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ဆက်လက်၍ ဘဒ္ဒန္တဇဝန မထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဂွမ်းကပ်မွေ့ရာ ၃၀၀နှင့် စောင်အထူ ၃၀၀ကို ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်း မြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ ရေဘေးသင့်ကျောင်း ၁၇၉ ကျောင်းတို့အတွက် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Kalmykia ပြည်နယ်အကြီးအကဲ Mr . Batu Sergeyevich Khassikov ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ယနေ့ ည ၉ နာရီခွဲ တွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။(ဓာတ်ပုံ)

ဧည့်သည်တော် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၊ Kalmykia ပြည်နယ်အကြီးအကဲ Mr. Batu Sergeyevich Khassikov ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသ ကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန် ရှိသူများနှင့် တိုင်းရင်းသား တိုင်းရင်းသူများက နှစ်နိုင်ငံအလံ များ ဝှေ့ယမ်း၍ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက် ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ဒုတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲများ ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၈**

၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ (ဒုတိယပတ်) စုပေါင်းလမ်း လျှောက်ပွဲများကို ယနေ့နံနက် ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များ နှင့် ကွပ်ကဲမှုအောက် တပ်နယ် များ၌ ကျင်းပကြသည်။



ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲ များ ပြုလုပ်ရာတွင် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှု အောက် တပ်နယ်များအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီ ကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီ ကွင်းများ၌လည်းကောင်း၊ အရှေ့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များ အလိုက် စုပေါင်းလမ်းလျှောက်ပွဲ များကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ် အားကစားကွင်းများ၌ လည်း ကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ် ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ် ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ် ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ ၌လည်းကောင်း၊ အနောက်တောင် တိုင်း စစ်ဌာနချုပ်၏ စုပေါင်း လမ်းလျှောက်ပွဲကို တိုင်းစစ်ဌာန ချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း ၌လည်းကောင်း၊ အနောက် မြောက်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များ အလိုက် စုပေါင်းလမ်းလျှောက်ပွဲ များကို တိုင်းစစ်ဌာနချုပ် စုပေါင်း တန်းစီကွင်းနှင့် တပ်နယ်စုပေါင်း တန်းစီကွင်းများ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် မန္တလေးတပ်နယ်၏ စုပေါင်းလမ်း လျှောက်ပွဲကို နန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီး အနီး၌လည်းကောင်း၊ တောင်ပိုင်း တိုင်းစစ်ဌာနချုပ် စုပေါင်းလမ်း လျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ လည်းကောင်း အသီးသီး ပြုလုပ်ကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း/ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင် ဆင်နွှဲကြပြီး(**အပေါ်ပုံ**) သတ်မှတ် နေရာများ၌ စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

လယ်ဝေးမြို့နယ် အားကစားကွင်းနှင့် ပျဉ်းမနားမြို့ဘောဂဝတီ အားကစားကွင်းတို့၌ ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲအသီးသီးသို့ ကြည့်ရှုအားပေးလိုသော အားကစားဝါသနာ ရှင်ပြည်သူများအနေဖြင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းဂိတ်(၃)၌ လည်းကောင်း၊ ပြိုင်ပွဲကွင်း/ရုံအသီးသီး ဝင်ပေါက်ဂိတ်များ၌ လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ယာဉ်မောင်း လိုင်စင်ဖြင့် ယာယီဝင်ထွက်ကတ်ပြားများကို လဲလှယ်၍ အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်း အနားကို ဒီဇင်ဘာ ၉ ရက် ညနေ ၅နာရီတွင် နေပြည်တော် ဝဏ္ဏ သိဒ္ဓိအားကစားကွင်း၌ ခမ်းနားထည်ဝါစွာနှင့် အနှစ်သာရရှိစွာဖြင့် စီစဉ်ကျင်းပမည်ဖြစ်သည်။

**တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်**

အဆိုပါ ဖွင့်ပွဲအခမ်းအနား မစတင်မီ ဖျော်ဖြေတင်ဆက်ကြမည့် နာမည်ကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၏ ဖျော်ဖြေ တင်ဆက်မှုများအပါအဝင် ဖွင့်ပွဲအခမ်းအနား ကျင်းပပုံများကို မိဘပြည်သူများ တိုက်ရိုက်ကြည့်ရှုနိုင်ရန်အတွက် ယင်းနေ့ ညနေ ၃ နာရီ မိနစ် ၃၀ မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV – HD၊ MRTV Sports ၊ MRTV Parliament ၊ MRTV Farmers’ ၊ MWD HD Channel ၊ MWD Variety HD Channel နှင့် အကျိုးတူ ရုပ်သံလိုင်းများဖြစ်သော Channel 7၊ 5 plus ၊ Sports 2၊ MNTV ၊ M Channel နှင့် မြန်မာ့အသံ ရေဒီယိုနှင့် အကျိုးတူ FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဉ္စဝတီ၊ ရွှေ ပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်ကြသော Star ၊ သဇင် တို့မှလည်းကောင်း၊ MOI Website ၊ MOI Youtube MRTV Website ၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**ဆက်လက်ထုတ်လွှင့်ပြသမည်**

ထို့ပြင် Channel K ၊ Fortune နှင့် YTV တို့မှလည်း Delay ဖြင့် ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဒီဇင်ဘာ(ပထမပတ်)လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၈**

ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်ကောင်စီမှ ဦးဆောင်၍ ယနေ့နံနက် ၅ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် ယင်းတို့၏ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူလူထုများနှင့် ကျောင်းသား ကျောင်းသူများ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်းမှ ရာဇဌာနီလမ်း- ပန်းခင်း လမ်းဆုံမီးပွိုင့် ယင်းမှ တပေါင်းကွင်းအတွင်း ပြန်လည်ဝင်ရောက်ပြီး စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ (၁)၊ (၂)နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှား ဆောင်ရွက်ကြကာ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးများနှင့် အစားအစာများ ပေးဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တီမွေးမြူခြင်းနှင့် တီကျစ်စာမြေဆွေး ထုတ်လုပ်ခြင်းနည်းစနစ်များ တောင်သူပညာပေး သရုပ်ပြပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

စပါးရိုးပြတ်များ သီးနှံအကြွင်းအကျန်များကို အသုံးပြု၍ တီမွေးမြူခြင်းနှင့် တီကျစ်စာမြေဆွေး ထုတ်လုပ်ခြင်းနည်းစနစ်များ တောင်သူပညာပေး သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ ကျင်းပသည်။



သရုပ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တီကျစ်စာမြေဆွေးတွင် ရိုးရိုးမြေဆွေးထက် အာဟာရဓာတ်နှင့် အဏုဇီဝများ ပါဝင်မှု ပိုမိုနိုင်ပြီး အပင်အတွက် လိုအပ်သော အာဟာရဓာတ်များ ကြွယ်ဝကာ အပင်စားသုံးရန် အသင့်ဖြစ်ရန် ဖန်တီးနိုင်သော အဏုဇီဝများ ပါဝင်သဖြင့် အပင်ကြီးထွားစေခြင်းနှင့် သီးနှံအရည်အသွေး ကောင်းမွန်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း။

သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတ်မြေသြဇာများကို မျှတအောင် ထည့်သွင်းမကျွေးမွေးနိုင်ခြင်း၊ ပိုးသတ်ဆေးများ မဆင်မခြင် ပက်ဖျန်းခြင်းများကြောင့် မြေဆီလွှာအတွင်း သက်ရှိနှင့်အတူ အဏုဇီဝများ အပင် အာဟာရများအတွက် အလုပ် မလုပ်နိုင်တော့သဖြင့် မြေဆီလွှာကျန်းမာရေး ထိခိုက်ပျက်စီးလာပြီး သဘာဝရာသီဥတု ပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည် အားနည်းလာသည်ကို လေ့လာတွေ့ရှိရသဖြင့် ယခုကဲ့သို့ တီကောင်မွေးမြူရေးမှ အစပြု၍ မြေဆီလွှာဂေဟစနစ် ပြန်လည်ဖွံ့ဖြိုးလာရေးကို သက်ဆိုင်ရာ ဌာနများက ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများ ဖြစ်သည့် ကောက်ရိုးနှင့် စပါးခွံတို့ကို အကျိုးရှိစွာ အသုံးပြုပြီး တီမွေးမြူခြင်းနှင့် တီကျစ်စာ မြေဆွေးထုတ်လုပ်သုံးစွဲနိုင်ကြရန် သုတေသီများ၊ပညာရှင်များက နည်းပညာပေးသရုပ်ပြသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး သုတေသနဦးစီးဌာန ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် အစားအစာ သိပ္ပံသုတေသနဌာနခွဲ စပါးဇီဝဥယျာဉ်သုတေသန ဌာနစုမှ သုတေသီများ၊ ပညာရှင်များက တီကျစ်စာမြေဆွေး စီးပွားဖြစ် ထုတ်လုပ်နိုင်သော တီမျိုးများ မွေးမြူခြင်းနှင့် တီကျစ်စာမြေဆွေး ပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့ သရုပ်ပြဆွေးနွေးရာ တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံ Naval War College(NWC)မှ ဒုတိယကျောင်းအုပ်ကြီး ဦးဆောင်သော အရာရှိကြီးများအဖွဲ့ မြန်မာနိုင်ငံရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးစဉ်အဖြစ် လာရောက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၈**

အိန္ဒိယနိုင်ငံ Naval War College (NWC)မှ ဒုတိယကျောင်းအုပ်ကြီး Commodore Prashant Chandrasekharan ဦးဆောင်သော အရာရှိကြီးများ အဖွဲ့သည် လေ့လာရေး ခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၂ ရက်တွင် ရောက်ရှိခဲ့ကြသည်။

**သွားရောက်လေ့လာ**

အဆိုပါ ဒုတိယကျောင်းအုပ်ကြီး ဦးဆောင်သော အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိစဉ်အတွင်း ဒီဇင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့ရှိ India Centre သို့ သွားရောက်လေ့လာခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး ဒီဇင်ဘာ ၄ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း၊ နေပြည်တော်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်၊ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက် (နေပြည်တော်)၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးသို့ သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ဒီဇင်ဘာ ၅ ရက်တွင် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်၍ ပုဂံမြို့တွင်းနှင့် ပုဂံယဉ်ကျေးမှုပြတိုက်သို့ သွားရောက် လေ့လာခဲ့ကြပြီး ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်းနှင့် စစ်ရေယာဉ် (မေယု)သို့ သွားရောက်လေ့လာခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**ပြန်လည်ထွက်ခွာ**

အိန္ဒိယနိုင်ငံ Naval War College (NWC) မှ ဒုတိယကျောင်းအုပ်ကြီး ဦးဆောင်သော အရာရှိကြီးများအဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





အိန္ဒိယနိုင်ငံ Naval War College (NWC)မှ ဒုတိယကျောင်းအုပ်ကြီး Commodore Prashant Chandrasekharan ဦးဆောင်သော အရာရှိကြီးများအဖွဲ့ နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် စစ်ရေယာဉ် (မေယု)သို့ သွားရောက်လေ့လာကြစဉ်။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၈ ရက်က တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ ဂနိုင်ရေကန် အဆင့်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ရန်နှင့် ကန်ပတ်လည်လျှောက်လမ်း ဆောင်ရွက်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေကန်အတွင်း ဆောင်းခိုငှက်များ လာရောက်အနားယူမှုရှိသည့်အတွက် ဒိုက်မှော်များ ဖယ်ရှားမှုမပြုဘဲ အမှိုက်များကို ဆယ်ယူ၍ သန့်ရှင်းသပ်ရပ်စွာထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။



**ပြည်သူများအတွက် အကျိုးပြုမည်**

အဆိုပါ ဂနိုင်ရေကန်၌ ကန်ပတ်လျှောက်လမ်းများ ဆောင်ရွက်ပေးခြင်းဖြင့် အများပြည်သူ အပန်းဖြေအနားယူနိုင်ခြင်း၊ ကျန်းမာရေးအရ လေ့ကျင့်ခန်းများ ဆောင်ရွက်နိုင်ခြင်း၊ ကန်ရေပြင်ကို ဖြတ်၍ တိုက်ခတ်လာသော သန့်ရှင်းသည့်လေကို ရှူရှိုက်နိုင်ခြင်း၊ ရေကန်ကိုပတ်၍ လမ်းများလျှောက်နိုင်ကြောင်း၊ ပြည်သူများအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးရေးအတွက် တောင်ကြီးမြို့ရှောင်လမ်းဖြစ်သည့် လေးမိုင်ကွေ့နောင်ထလီ-ညီမီး-နောင်ပနားဗွာ-လင်ကွင်း-ထီရိ (မွေးမြူရေးဇုန်)-ရွှေညောင် တည်ဆောက်ရေးလုပ်ငန်းများ၊ ရွှေညောင်ကုန်တင်ကားကြီးကွင်း (တည်ဆောက်ရေးစီမံကိန်း)နှင့် ငွေကမ္ဘာ အပန်းဖြေဥယျာဉ်ရှေ့ရှိ ကုန်တင်ယာဉ်ကြီးများ အဝင်အထွက်သွားလာနိုင်ရေးအတွက် လမ်းတိုးချဲ့မည့်နေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် EXCELLENT MYANMAR DEVELOPMENT Group Co.,Ltd. မှ တာဝန်ယူဆောက်လုပ်နေသည့် အေးသာယာ(ထုံးဖို)ဈေး အဆောက်အအုံများ၊ ဈေးနှင့် ဈေးအတွင်း အမှိုက်ကန်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရန်နှင့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## လေးမျက်နှာမြို့နယ်၌ ဟင်္သာတခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေး

**လေးမျက်နှာ ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ခတ္တာအုပ်စု ရွာသစ်စုကျေးရွာတွင် ဒေသခံပြည်သူများအား ဟင်္သာတခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ကွင်းဆင်းဆေးကုသမှုများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးမှူး ဒေါက်တာသီဟ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့်အဖွဲ့၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ဖြိုးဝေဝင်းတို့သည် ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ကွင်းဆင်းကုသမှုတွင် အထွေထွေရောဂါလူနာ ၉၄ ဦး၊ ခွဲစိတ်လူနာ ရှစ်ဦး၊ သားဖွားမီးယပ်လူနာကိုးဦး၊ အရိုးနှင့် ထိခိုက်ဒဏ်ရာလူနာ ၄၆ ဦး၊ မျက်စိ လူနာ ၆၈ ဦး၊ သွားနှင့် ခံတွင်းလူနာ ၅၀၊ အရေပြားဆိုင်ရာ လူနာ ၄၃ ဦး၊ ကလေးလူနာ ၁၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာ ၂၂ ဦး၊ အကြောအဆစ်နှင့် ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးလူနာ ၃၂ ဦးတို့ကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

**မိုးသက်ကို(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာသို့ မြောင်းမြပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်

**ဝါးခယ်မ ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားမှုကြောင့် ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ဒီဇင်ဘာ ၇ ရက်က ရွှေလောင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ မြောင်းမြပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက အခမဲ့ ကွင်းဆင်း ဆေးကုသမှုများ လာရောက် ဆောင်ရွက်ပေးလျက်ရှိသည်။

မြောင်းမြ ပြည်သူ့ဆေးရုံ (ခုတင်- ၂၀၀)မှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်မင်းသိုက် အပါအဝင် အထူးကုသမားတော် ကိုးဦး၊ သူနာပြု ၁၁ ဦး၊ အကူသူနာပြု ငါးဦး၊ အထွေထွေ ၁၁ ဦး စုစုပေါင်း ၃၆ ဦးတို့က ခွဲစိတ်လူနာ ၂၃ ဦး၊ အရိုး/အကြော ၁၃၀၊ သားဖွားမီးယပ် ၂၄ ဦး၊ ကလေး ၃၁ ဦး၊ မျက်စိ ၁၄၀၊ နား/ နှာခေါင်း/ လည်ချောင်း ၄၂ ဦး၊ သွား ၅၈ ဦး၊ အရေပြား ၅၂ ဦး၊ အထွေထွေ ၁၇၃ ဦး လူနာစုစုပေါင်း ၆၇၃ ဦးတို့အား အခမဲ့ဆေးကုသပေးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက် နှင့် တာဝန်ရှိသူများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**



## မြောင်းမြမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်အပေါက်ဖာခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**မြောင်းမြ ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်အပေါက်ဖာခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ထောက်လဝကမှူး ဦးရာဇာထွန်းနှင့် ဝန်ထမ်းများက မြတရနာရပ်ကွက်၊ ကွင်းပေါက်ကလေးကျေးရွာအုပ်စုနှင့် တောင်ဒီးကျေးရွာအုပ်စုများ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**



## သာကေတမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။

အဆိုပါ လူထုလမ်းလျှောက်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ကျော်ထွန်း ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြည်သူလူထုများ စုစုပေါင်းအင်အား ၁၅၀ ခန့်က မြင်တော်သာလမ်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ စတင်၍ မြင်တော်သာလမ်းအတိုင်း အမှတ်(၃)ဈေးအထိ စုပေါင်းလမ်းလျှောက်ခဲ့ပြီး မြို့နယ်အားကစားကွင်းအတွင်း စုပေါင်းကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

■ *ကျောဖုံးမှ*

ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ထို့အပြင် နော်တင်ဟမ်အသင်းသည် ၁၉၉၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် မန်ယူအသင်းကို လိဂ်နှစ်ပွဲဆက် နိုင်ပွဲရရှိခဲ့ခြင်းလည်းဖြစ်သည်။

နည်းပြသစ် အမ်မိုရင်သည် မန်ယူအသင်းကို စတင်တာဝန်ယူကိုင်တွယ်သည့် ပထမဆုံးလိဂ်လေးပွဲတွင် တစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သေးသည်။ မန်ယူအသင်းသည် ပွဲစဉ် (၁၅) အပြီးတွင် ရမှတ် ၁၉ မှတ် ရရှိသေးသည့်အတွက် ၁၉၈၆-၁၉၈၇ ခုနှစ်နောက်ပိုင်း ရမှတ်အနည်းဆုံး စုဆောင်းရရှိမှုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ယခုပွဲစဉ်တွင် မန်ယူအသင်း ဂိုးသမား အိုနာနာနှင့် ခံစစ်က မာတီနက်ဇ်တို့ အမှားများကျူးလွန်ခဲ့ပြီး ပြိုင်ဘက်ကို သွင်းဂိုးများ ခွင့်ပြုပေးခဲ့ရသည်။ မန်ယူအသင်းအတွက် သွင်းဂိုးများကို ဟွိုက်လန်းနှင့် ဖာနန်ဒက်စ်တို့က သွင်းယူပေးပြီး နော်တင်ဟမ်အသင်းအတွက် သွင်းဂိုးများကို မီလန်ကိုဗစ်၊ ဂစ်ဝိုက်နှင့် ဝုဒ်တို့က သွင်းယူပေးခဲ့သည်။

နော်တင်ဟမ်အသင်းသည် ပွဲချိန်အများစုတွင် ပြိုင်ဘက်အသင်း၏ ဖိအားပေးကစားမှုအောက် ရုန်းကန်ခဲ့ရပြီး တန်ပြန်ထိုးဖောက်တိုက်စစ်ဆင်မှုများမှတစ်ဆင့် ရရှိလာသည့် အခွင့်အရေးများကို အမိအရ အသုံးချကာ သွင်းဂိုးများအဖြစ် ပြောင်းလဲနိုင်ခဲ့သည့်အတွက် မန်ယူအသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

# အိုဘယ့်... တရားရုံးတော်

လူတွေသိသင့်ပါတယ်၊ မှတ်လည်း မှတ်သားသင့်ပါတယ်။ ပုံသေနည်း (ဖော်မြူလာ)က ရိုးစင်းပါတယ်။ တစ်ဦးတစ်ယောက်အဖို့ ထပ်ကာတလဲလဲ အပျက်သဘော ဆောင်တဲ့ သတင်းတွေကို ရင်ဆိုင်နေရချိန်၊ ပြင်းထန်တဲ့ဖိအား အပူရှိန်အောက်ကျရောက်နေချိန်မှာ အနိုင်ကျင့်ဖို့ လွယ်ကူပြီး ပုံမှန်အထိုးခံနေကျ လက်ဝှေ့အိတ် ငယ်ဖြစ်တဲ့ တတိယကမ္ဘာနိုင်ငံငယ်လေးကို အာရုံစိုက်သွားကြအောင် ပစ်မှတ်ထားလိုက်တာပါ။ ဖမ်းဝရမ်းထုတ်ပေးဖို့ဆိုပြီး လျှောက်ထားလိုက်တာက ရိုးရှင်းပါတယ်။ ဒါဟာ သူ့အတွက် အပြုသဘောဆောင်တဲ့ သတင်းအချို့ဖြစ်လာဖို့ အပြောင်းအလဲတစ်ခု လုပ်လိုက်တာပါ။

### သူတို့ရဲ့ကြိုးပမ်းမှုက အလုပ်မဖြစ်ခဲ့ပါဘူး

ထင်ရှားတဲ့ **"ဂုဏ်သရေရှိ"** တရားလိုပြ **"ရှေ့နေ"** တစ်ဦးဟာ လောလောဆယ် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု စွပ်စွဲချက်တွေကို ရင်ဆိုင်နေရပြီး စုံစမ်းစစ်ဆေးခံနေရတယ်။ နာမည်ကျော် ဆွဲချရှေ့နေကြီးခမျာ သူ့လုပ်ရပ်အတွက် စိစစ်ခံနေရတယ်။ စစ်ဆေးခံနေရတယ်။ အမျိုးသမီးတစ်ဦးက တိုင်ကြားလာတဲ့အခါ ထင်ရှားတဲ့ ဆွဲချရှေ့နေကြီးဟာ သူ့ရဲ့အနီးကပ်လုပ်ဖော်ကိုင်ဖက်နဲ့အတူ အဲဒီအမျိုးသမီးကို ပါးစပ်ပိတ်သွားဖို့နဲ့ အသရေဖျက်ဖို့ ရုံးတော်မှာ ကြိုးပမ်းခဲ့ပေမယ့်လည်း သူတို့ရဲ့ ကြိုးပမ်းမှုက အလုပ်မဖြစ်ခဲ့ပါဘူး။

သူ့ရဲ့ သမာသမတ်ကျမှုနဲ့ ပတ်သက်လို့ စိုးရိမ်မှုတွေ တိုးလာစေတဲ့ အတွင်းပိုင်းကျကျ စုံစမ်းစစ်ဆေးမှုကို ဌာနတွင်းလုပ်ဆောင်နေတယ်လို့ သိရပါတယ်။ တရားမျှတတဲ့ လုပ်ငန်းစဉ် ဖြစ်စေဖို့ အမှန်တကယ် လွတ်လပ်တဲ့ ပြင်ပစုံစမ်းစစ်ဆေးသူတွေ ပါဝင်ခြင်းက ပိုကောင်းပါတယ်။ တရားလိုပြ ဆွဲချရှေ့နေကြီးဟာ အဆိုပါစွပ်စွဲချက်တွေကို ငြင်းဆိုထားပြီး အမှုတွေမှာ သာမန်တုံ့ပြန်မှုပြုလုပ်သလိုပုံမျိုးနဲ့ ငြင်းဆိုတယ်။ ဒါပေမယ့် **"မီးခိုးရှိရာအရပ်၌ မီးရှိ၏"** ဆိုတဲ့ ဆိုရိုးစကားအတိုင်း မပြေးသော်ကန်ရာရှိပါလိမ့်မယ်။

အိုး ဟုတ်ပါရဲ့... နာမည်ကျော် **"ဆွဲချရှေ့နေကြီး"** ရဲ့ အတိတ်က အမှုသည်တွေထဲက တစ်ယောက်ဟာ ကမ္ဘာ့နာမည်ဆိုးနဲ့ အကျော်ကြားဆုံး အာဏာရှင်တွေထဲက တစ်ယောက်ဖြစ်ကြောင်းလည်း လူအပေါင်းတို့ မှတ်ထားကြလိုက်ပါဦး။ ကမ္ဘာပေါ်မှာ ထူးချွန်တဲ့ **"ရှေ့နေ"** ဟာ ကမ္ဘာ့နာမည် အဆိုးဆုံး အာဏာရှင်ကြီးရဲ့ လုပ်ခလစာပေးရမယ့် စာရင်းမှာ ဘာကြောင့်ရှိနေတာလဲလို့ သတင်းသမားတွေက မေးခွန်းထုတ်တာကို သူရှောင်တိမ်းခဲ့တယ်။ ဒါတွေအားလုံး streaming platform ဒစ်ဂျစ်တယ် အရုပ်နဲ့ အသံတွေ ကြည့်ရှုနိုင်တဲ့ အထောက်အထားတွေ ရှိတယ်။ ပြည်သူတွေ အဲဒါကိုကြည့်သင့်တယ်။ အဲဒီလို လူစားတစ်ယောက်ဟာ ခိုင်လုံတဲ့၊ တရားမျှတတဲ့ စီရင်ဆုံးဖြတ်မှုကို ဘယ်လိုလုပ်ဆောင်နိုင်မှာလဲ။

❖ **"ဆွဲချရှေ့နေကြီး" ကို အလွန့်အလွန်အားကြီးတဲ့ နိုင်ငံတစ်နိုင်ငံက Persona Non Grata (PNG)လို့ ကြေညာခဲ့ပြီး နိုင်ငံအတွင်းသို့ လုံးဝဝင်ရောက်ခွင့် မပြုခဲ့တာကိုလည်း မမေ့လိုက်ကြနဲ့ဦး။ အဲဒီအခြေအနေကိုလည်း သူတို့အောင့်အည်းလက်ခံခဲ့ကြတယ်။ မလွှဲသာ မရှောင်သာ ညည်းညူနိုင်စွမ်းပင်မရှိဘဲ ကြိတ်မှိတ်လက်ခံခဲ့ကြတယ်။ အခု မြန်မာလို နိုင်ငံမျိုးမှာတော့ သူတို့ရဲ့အပြုအမူက အလွန်ကွဲပြားပေလိမ့်မယ်။ ပြင်းပြင်းထန်ထန် လုပ်ပြကြပေလိမ့်မယ်။ "မီးဖိုချောင်ထွက် ခွက်စုတ်မျိုးစုံ၊ အမှိုက်သရိုက်မျိုးစုံကို တစ်နေရာတည်းမှာပုံချ" သလို အောက်လမ်းနည်းမျိုးစုံသုံးပြီး နိုင်ငံငယ်အပေါ် ပုံချကြတော့တာပါပဲ**

အနောက်နိုင်ငံရှိ အန်ကယ်တွေနဲ့ ပတ်သက်လာရင်တော့ သူတို့ဟာ ခက်ခဲတဲ့အခြေအနေတွေကို မတတ်သာဘဲ အောင့်အည်း လက်ခံလေ့ရှိကြတယ်။ နာခံလေ့ရှိကြတယ်။ ခွေးအမြီးကုပ်တဲ့ ပုံမျိုးနဲ့ပါ။

### အောက်လမ်းနည်းမျိုးစုံသုံးပြီး နိုင်ငံငယ်အပေါ် ပုံချ

**"ဆွဲချရှေ့နေကြီး"** ကို အလွန့်အလွန်အားကြီးတဲ့ နိုင်ငံတစ်နိုင်ငံက Persona Non Grata (PNG)လို့ ကြေညာခဲ့ပြီး နိုင်ငံအတွင်းသို့ လုံးဝဝင်ရောက်ခွင့် မပြုခဲ့တာကိုလည်း မမေ့လိုက်ကြနဲ့ဦး။ အဲဒီအခြေအနေကိုလည်း သူတို့အောင့်အည်းလက်ခံခဲ့ကြတယ်။ မလွှဲသာ မရှောင်သာ ညည်းညူနိုင်စွမ်းပင်မရှိဘဲ ကြိတ်မှိတ် လက်ခံခဲ့ကြတယ်။ အခု မြန်မာလို နိုင်ငံမျိုးမှာတော့ သူတို့ရဲ့အပြုအမူက အလွန်ကွဲပြားပေလိမ့်မယ်။ ပြင်းပြင်းထန်ထန် လုပ်ပြကြပေလိမ့်မယ်။ **"မီးဖိုချောင်ထွက် ခွက်စုတ်မျိုးစုံ၊ အမှိုက်သရိုက်မျိုးစုံကို တစ်နေရာတည်းမှာပုံချ"** သလို အောက်လမ်းနည်းမျိုးစုံသုံးပြီး နိုင်ငံငယ်အပေါ် ပုံချကြတော့တာပါပဲ။

မကြာသေးမီကတော့ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု စုံစမ်းစစ်ဆေးမှုသတင်းမှလွဲ၍ အမှန်တကယ် ကောင်းမွန်တဲ့ သတင်းမရှိချိန်မှာ အလွန့်အလွန် အင်အားကြီးနိုင်ငံက ကာကွယ်ပေးထားတဲ့ နိုင်ငံတစ်ခုရဲ့ အစိုးရခေါင်းဆောင်တစ်ယောက်ကို ဖမ်းဝရမ်းထုတ်လိုက်ပါတယ်။

ဒီလှုပ်ရှားဆောင်ရွက်ချက်က ဆိုးဆိုးရွားရွား အကျိုးသက်ရောက်စေပြီး ရည်ရွယ်ထားတဲ့အရာရဲ့ ဆန့်ကျင်ဘက်အကျိုးသက်ရောက်မှု ဆိုးကျိုးတွေကို တန်ပြန်ဖြစ်စေခဲ့တယ်။ ယင်းဝရမ်းတွေကို အရေးယူမှာမဟုတ်ဘူးလို့ တစ်ဖက်က တုံ့ပြန်ခဲ့တယ်။ ရလဒ်အနေနဲ့ ကမ္ဘာလုံးဆိုင်ရာ တင်းမာမှုနဲ့ ရှုပ်ထွေးမှုကို တိုးစေခဲ့တယ်။ တင်းမာမှုတွေ အများကြီး ဖြစ်စေပါတယ်။ သက်ဆိုင်ရာ အင်အားကြီးနိုင်ငံမှ ဩဇာကြီးတဲ့ လွှတ်တော်အမတ်တစ်ဦးက ဖမ်းဝရမ်းထုတ်ဖို့လုပ်ခဲ့ကြတဲ့ ရှေ့နေတွေ အခြေပြုထားတဲ့ နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ဖို့ပင် ခြိမ်းခြောက်ခဲ့ပါသေးတယ်။

ဒီလိုဖိအားတွေနဲ့ ရန်လိုမှုတွေရှိနေပေမယ့် သက်ဆိုင်ရာနိုင်ငံက တုံ့ပြန်ခြင်းမပြုဘဲ ငြိမ်နေခဲ့တယ်။ ခက်ခဲတဲ့ အခြေအနေတစ်ခုကို မကျေနပ်ပေမယ့် လက်ခံခဲ့ရတယ်။ ဒီအခါမှာတော့ ရှေ့နေဆိုတဲ့ ပုဂ္ဂိုလ်တွေလည်း ကြမ်းပြင်ပေါ်မေးကလေးချပြီး လိမ်မာပြခဲ့ကြတယ်။ သူတို့ရဲ့ အန်ကယ်ကြီးတွေကို ရင်ဆိုင်ဖို့ သတ္တိမရှိကြဘူးလေ။

### ဦးနှောက်မပါတဲ့သူတွေသာလုပ်မယ့် မိုက်မဲတဲ့လုပ်ရပ်

သူတို့ရဲ့ အနောက်မဟာမိတ် **"အန်ကယ်တွေ"** ကို ကျေနပ်စေဖို့ အရှေ့ဥရောပမှာ ပဋိပက္ခစတင်ပြီးနောက် မကြာမီမှာပဲ ဖမ်းဝရမ်းထုတ်ဖို့ သူတို့ ပျာပျာသလဲ လုပ်ခဲ့ကြတယ်။ ဒီနည်းဗျူဟာလည်း အရာမရောက်ပါဘူး။ ပဋိပက္ခအဆုံးသတ်အောင် လုပ်ဆောင်မယ့် အရေးကြီးသူကို ဖမ်းဝရမ်းထုတ်ခြင်းဟာ ဦးနှောက်မပါတဲ့သူတွေသာလုပ်မယ့် မိုက်မဲတဲ့လုပ်ရပ်ဖြစ်တယ်။

သူတို့ဟာ လက်မရွံ့ဆွဲချများပီပီ ဖမ်းဝရမ်းထုတ်ဖို့ တက်သုတ်ရိုက် အမြန်လုပ်တတ်ကြပေမယ့် အမှန်တကယ်ဖမ်းနိုင်တဲ့ သူတို့ရဲ့ မှတ်တမ်းတွေကတော့ ညံ့ဖျင်းပါတယ်။ ဥပမာအားဖြင့် စစ်ကြောင့်ပျက်စီးနေတဲ့ အာဖရိကနိုင်ငံတစ်နိုင်ငံက သမ္မတဟောင်းတစ်ဦးကို ၂၀၀၉ ခုနှစ်မှာ ဖမ်းဝရမ်းထုတ်ခဲ့ပေမယ့်လည်း သူဟာ သူ့နိုင်ငံမှာ ရှိနေတုန်းပါပဲ။ တရားရုံးရဲ့ ဖမ်းဝရမ်းထုတ်ခံရသူ ဖမ်းဆီးနိုင်မှု မှတ်တမ်းလို့ခေါ်တဲ့ မှတ်တမ်းကို အွန်လိုင်းမှာ ကြည့်သင့်ကြပါတယ်။

**"တရားရုံး"** ဟာ မွန်မြတ်တဲ့ အခြေခံမူတွေနဲ့ တည်ထောင်ခဲ့တာဖြစ်ပေမယ့် အခုအခါမှာတော့ တက်ကြွလှုပ်ရှားသူတွေရဲ့ အဖွဲ့အစည်းတစ်ခုလို ဖြစ်လာပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ ၎င်းတို့ကိုယ် ၎င်းတို့ အလုံးစုံသောတန်ခိုးရှင်တွေဖြစ်တဲ့ပုံ အထင်ရောက်နေကြပြီး ဒီမိုကရေစီကို အတောမသတ် ဟောပြောနေကြပေမယ့်လည်း စစ်မှန်တဲ့ ဒီမိုကရေစီ အသုံးအနှုန်းအရ သူတို့ကို ကမ္ဘာ့ပြည်သူတွေက ရွေးကောက်တင်မြှောက်ထားတာမဟုတ်ပါဘူး။ သူတို့ကို ဂလိုဘယ်ဝါဒီတွေရဲ့အုပ်စုက ခန့်အပ်ထားတာဖြစ်ပြီး တစ်ယောက်အကြောင်း တစ်ယောက်သိနေကြတဲ့ အဝန်းအဝိုင်းသေးသေးလေးပါ။

❑ **"တရားရုံး" ဟာ မွန်မြတ်တဲ့ အခြေခံမူတွေနဲ့ တည်ထောင်ခဲ့တာဖြစ်ပေမယ့် အခုအခါမှာတော့ တက်ကြွလှုပ်ရှားသူတွေရဲ့ အဖွဲ့အစည်းတစ်ခုလို ဖြစ်လာပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ ၎င်းတို့ကိုယ် ၎င်းတို့ အလုံးစုံသော တန်ခိုးရှင်တွေဖြစ်တဲ့ပုံ အထင်ရောက်နေကြပြီး ဒီမိုကရေစီကို အတောမသတ် ဟောပြောနေကြပေမယ့်လည်း စစ်မှန်တဲ့ ဒီမိုကရေစီအသုံးအနှုန်းအရ သူတို့ကို ကမ္ဘာ့ပြည်သူတွေက ရွေးကောက်တင်မြှောက်ထားတာမဟုတ်ပါဘူး။ သူတို့ကို ဂလိုဘယ်ဝါဒီတွေရဲ့အုပ်စုက ခန့်အပ်ထားတာ ဖြစ်ပြီး တစ်ယောက်အကြောင်း တစ်ယောက်သိနေကြတဲ့ အဝန်းအဝိုင်းသေးသေးလေးပါ**

### သတင်းသမားတွေက ပိုမိုနက်ရှိုင်းစွာ စုံစမ်းဖော်ထုတ်ပေးကြစေလို

ဒီသွေးကြီးမောက်မာ မာန်တက်နေတဲ့ လူတွေအကြောင်းကို စုံစမ်းဖော်ထုတ်သူ သတင်းသမားတွေက ပိုမိုနက်ရှိုင်းစွာ စုံစမ်းဖော်ထုတ်ပေးကြစေလိုပါတယ်။

သူတို့ရဲ့ အမှုသည်ဟောင်းတွေ အကြောင်း၊ သူတို့ရဲ့ ခရီးသွားလာမှုနဲ့ သူတို့ရဲ့ ခရီးသွားစရိတ်တွေကို ဘယ်လိုကျခံတဲ့အကြောင်း စတာတွေကို တစ်ခုပြီးတစ်ခုဖော်ထုတ်ကြည့်ရင် သူတို့ရဲ့ အဂတိမှုတွေ၊ ရာထူးအာဏာအလွဲသုံးမှုတွေကို အစုံအလင်ဘွားခနဲ တွေ့ရပါမယ်။ သူတို့ရဲ့ ပြစ်ချက်တွေကို သူတို့ကိုယ်တိုင် ရင်ဆိုင်မဖြေရှင်းဘဲ ထွက်ပြေးသွားကြမယ့် သူတွေပါပဲ။ ။

(၄-၁၂-၂၀၂၄ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ဆောင်းပါးရှင် ကျော်မြင့်ထွန်း (ပါရီ) ၏ The Court ဆောင်းပါးကို ဘာသာပြန်ဆို ဖော်ပြအပ်ပါသည်။)

# စိုက်ပျိုးရေးပညာနှစ် (၁၀၀) သုတေသနခရီးစဉ်

ဒေါက်တာသိင်္ဂီမြင့် (YAU)

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးပညာသင်ကြားမှုသည် ၁၉၂၄ ခုနှစ်မှစတင်ခဲ့ရာ ယခု ၂၀၂၄ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်မြောက်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းများဖြင့် လူနေမှုဘဝများစွာကို ရပ်တည်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးသော စိုက်ပျိုးရေးတက္ကသိုလ်၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ မြန်မာ့ပညာရေးသမိုင်းတွင် စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် စတင်ပါဝင်လာခဲ့သော ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့သည် စိုက်ပျိုးရေးပညာ နှစ် ၁၀၀ ပြည့်မြောက်သော နေ့ရက်အဖြစ် ဂုဏ်ပြု ကျင်းပတော့မည်ဖြစ်ပါသည်။

### နှစ် ၁၀၀ တိုင်အောင် တစိုက်မတ်မတ်ဆောင်ရွက်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် ၁၉၂၄ ခုနှစ်မှစတင်သော ရန်ကုန်တက္ကသိုလ် လက်အောက်ခံ စိုက်ပျိုးရေးကောလိပ်အဖြစ်မှ မန္တလေးတက္ကသိုလ် လက်အောက်ခံ စိုက်ပျိုးရေးမဟာဌာန၊ သီးခြား စိုက်ပျိုးရေးတက္ကသိုလ်စသည်ဖြင့် အမည်နာမ အမျိုးမျိုး ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတကာအဆင့်မီ စိုက်ပျိုးရေးပညာရှင်များမွေးထုတ်ရန် ဦးတည်ချက်များကို နှစ် ၁၀၀ တိုင်အောင် တစိုက်မတ်မတ်ဆောင်ရွက်နေသော တက္ကသိုလ်ဖြစ်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အဓိက ဆောင်ရွက်သော လုပ်ငန်းတာဝန်များမှာ (က) သင်ကြားရေးနှင့် လေ့ကျင့်ပညာပေးခြင်း၊ (ခ) စိုက်ပျိုးရေးဆိုင်ရာ သုတေသနများဆောင်ရွက်ခြင်း၊ (ဂ) တောင်သူများထံနည်းပညာများ ဖြန့်ဖြူးခြင်းတို့ ဖြစ်ပါသည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော စိုက်ပျိုးရေးပညာရှင်များကို နှစ် (၁၀၀) တိုင်အောင် မွေးထုတ်လျက်ရှိပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အပ်နှင်းသည့်ဘွဲ့ကို ၁၉၃၈ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ သိပ္ပံဘွဲ့ (စိုက်ပျိုးရေး) B.Sc (Agri) ဟု ခေါ်ဆိုခဲ့ပြီး ၁၉၆၇ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိတွင်မူ စိုက်ပျိုးရေးပညာဘွဲ့ (B.Ag) ဟု ပြောင်းလဲခေါ်ဆိုခဲ့ကာ ၁၉၉၄ ခုနှစ်မှ ယနေ့အထိတွင်မူ စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc) ဟု ခေါ်ဆိုကြပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် ပထမနှစ် ကျောင်းသား ကျောင်းသူများအပြင် စိုက်ပျိုးရေးဒီပလိုမာအောင်လက်မှတ်ရရှိထားသည့် ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် လုပ်ငန်းခွင်ထူးချွန်ဝန်ထမ်းများကိုလည်း တတိယနှစ်သင်တန်းတွင် ပေါင်းကူးတက်ရောက်ခွင့်ပြုခဲ့ပါသည်။ ဘွဲ့လွန်သင်တန်းများတွင် မဟာသိပ္ပံ (M.Agr.Sc)၊ မဟာဒဿန (M.Phil.)၊ ဘွဲ့လွန်ဒီပလိုမာ (Postgraduate Diploma – PGD)၊ ပါရဂူ (Ph.D)၊ သုတေသနအခြေပြုပါရဂူ (Research Based Ph.D) စသဖြင့် သင်တန်းသားများစွာကိုလည်း နှစ်စဉ် လက်ခံသင်ကြားပေးနေပါသည်။

၂၀၂၃–၂၀၂၄ ပညာသင်နှစ်အထိ အဆင့်မြင့်စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ရာတွင် စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၁၃၁၉၇ ဦး၊ မဟာသိပ္ပံဘွဲ့ရ (YAU) ၆၄၃ ဦး၊ မဟာသိပ္ပံဘွဲ့ရ (ACARE) ၄၀၊ ပါရဂူဘွဲ့ရ (YAU) ၆၉ ဦး၊ ပါရဂူဘွဲ့ရ (ACARE) ၁၀ ဦး၊ သုတေသနအခြေပြုပါရဂူဘွဲ့ရ ခြောက်ဦး၊ မဟာဒဿနဘွဲ့ရ ၁၁ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၄၆ ဦးနှင့် ဘွဲ့လွန်ဒီပလိုမာ(စပါးအထူးပြု) ၂၄ ဦးတို့ကို ဘွဲ့အပ်နှင်းခဲ့ပြီးဖြစ်ပါသည်။ ယခု လက်ရှိ ၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် စိုက်ပျိုးရေးသိပ္ပံ ၁၈၀၇ ဦး၊ မဟာသိပ္ပံ ၉၄ ဦး၊ ပါရဂူ ၄၁ ဦး၊ သုတေသနအခြေပြုပါရဂူ ၁၀ ဦး၊ မဟာဒဿန ငါးဦး၊ ဘွဲ့လွန်ဒီပလိုမာ ၁၄ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။

> **"စိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် မြန်မာနိုင်ငံ၏ အခြေခံစီးပွားရေးကဏ္ဍဖြစ်သော စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် အရေးပါသည့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ရာ၌ စိုက်ပျိုးရေးနည်းပညာ၏ အခြေခံနိယာမများနှင့် နည်းစနစ်များကို ကောင်းမွန်စွာ သေချာနားလည်ပြီး လက်တွေ့လုပ်ငန်းများကို ပိုင်နိုင်ကျွမ်းကျင်သော မြန်မာနိုင်ငံ၏ တောင်သူများ လက်ရှိရင်ဆိုင်နေရသော အားသာချက်၊ အားနည်းချက်များကို ကိုယ်ချင်းစာနားလည်နိုင်သည့် စိုက်ပျိုးရေးပညာရှင်များ ဖြစ်လာစေရန် အလေးထားလုပ်ဆောင်လျက်ရှိ"**

### သုတေသနသည် အဓိကအခန်းကဏ္ဍမှပါဝင်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်ရိုးညွှန်းတမ်းများတွင် သုတေသနသည် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး ဘွဲ့ရသုတေသန ပြုလုပ်ခြင်း၊ သုတေသနကျမ်း ရေးသားပြုစုခြင်း၊ သုတေသနစာတမ်း ဖတ်ကြားတင်သွင်းခြင်းများကို ဆောင်ရွက်ပြီးစီးမှသာ သက်ဆိုင်ရာဘွဲ့အသီးသီးကို အပ်နှင်းသည့် တက္ကသိုလ်ဖြစ်ပါသည်။ ဘွဲ့ကြိုသုတေသနများကို သက်ဆိုင်ရာ အထူးပြုဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများ အဖွဲ့လိုက် လုပ်ဆောင်ရသကဲ့သို့ ဘွဲ့လွန်သုတေသနများကိုလည်း နည်းပညာတိုးတက်မှု၊ တောင်သူနှင့် နိုင်ငံတော်ကို အကျိုးပြုမှုစသည့် ဦးတည်ချက်များဖြင့် လုပ်ဆောင်ကြပါသည်။

သုတေသနကျမ်း ကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်အကြံပြုချက်များ၊ ပြင်ပစာစစ်ပုဂ္ဂိုလ်၏ သုံးသပ်ထောက်ပြမှုများကို ပြင်ဆင်စေခြင်းဖြင့် သုတေသနကျမ်းအရည်အသွေးကို မြှင့်တင်ထိန်းသိမ်းကြပါသည်။ စိုက်ပျိုးရေးတက္ကသိုလ် သုတေသနဂျာနယ်ကို တစ်နှစ်လျှင် နှစ်စောင် ထုတ်ဝေပြီး သုတေသနရလဒ်များကိုလည်း တက္ကသိုလ်များ၊ သက်ဆိုင်ရာဌာနများနှင့် စာကြည့်တိုက်များသို့ ဖြန့်ဝေမှုပြုလုပ်ပါသည်။

ဘွဲ့ကြို၊ ဘွဲ့လွန် သုတေသနများအပြင် နိုင်ငံတော်၏ ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သော ဌာနအလိုက် သုတေသနများ၊ သင်ကြားရေး ဆရာ ဆရာမများ၏ သုတေသနများအပြင် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ တောင်သူများနှင့် ပူးပေါင်းလုပ်ဆောင်သော သုတေသနများလည်း စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိပါသည်။ တက္ကသိုလ်အတွင်း သုတေသန စာတမ်းဖတ်ပွဲများကိုလည်း အပတ်စဉ် ဗုဒ္ဓဟူးနေ့များတွင် ပုံမှန်ကျင်းပသကဲ့သို့ အခြားရက်များတွင်လည်း အခါအားလျော်စွာ ကျင်းပပြုလုပ်လျက်ရှိပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ နှစ် ၁၀၀ ခရီးတွင် ဆောင်ရွက်ခဲ့သော နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြု စိုက်ပျိုးရေးဆိုင်ရာ ဘွဲ့လွန်သုတေသနများအား လေ့လာဆန်းစစ်ပါက ၁၉၇၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်းတွင် သုတေသနကျမ်းပေါင်း ၉၅၅ ခု ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ အဆိုပါ သုတေသနများတွင် လယ်ယာသီးနှံပညာဆိုင်ရာ သုတေသနပေါင်း ၁၈၃ ခု (၁၉ ရာခိုင်နှုန်း)၊ အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မပဗေဒနှင့် ဂေဟဗေဒဆိုင်ရာသုတေသနပေါင်း ၁၆၈ ခု (၁၈ ရာခိုင်နှုန်း)၊ မြေဆီလွှာနှင့် ရေသိပ္ပံပညာဆိုင်ရာ သုတေသနပေါင်း ၁၂၅ ခု (၁၃ ရာခိုင်နှုန်း)၊ အပင်ရောဂါဗေဒဆိုင်ရာ သုတေသနပေါင်း ၈၁ ခု (၈ ရာခိုင်နှုန်း)၊ ကိမိလဗေဒဆိုင်ရာ သုတေသနပေါင်း ၁၃၇ ခု (၁၄ ရာခိုင်နှုန်း)၊ ဥယျာဉ်ခြံသီးနှံပညာဆိုင်ရာ သုတေသနပေါင်း ၉၅ ခု (၁၀ ရာခိုင်နှုန်း)၊ စိုက်ပျိုးစီးပွားပညာဆိုင်ရာ သုတေသနပေါင်း ၁၀၇ ခု (၁၁ ရာခိုင်နှုန်း)နှင့် အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာနဆိုင်ရာ သုတေသနပေါင်း ၅၉ ခု (၆ ရာခိုင်နှုန်း) ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ **(ပုံ–၁)**


စိုက်ပျိုးရေးပညာ နှစ် ၁၀၀ သုတေသနခရီးစဉ်၌ ဆောင်ရွက်ခဲ့သော သုတေသနများသည် မြန်မာနိုင်ငံ၏ အဓိကသီးနှံဖြစ်သော ဆန်စပါးစိုက်ပျိုးမှုနှင့် သက်ဆိုင်သည့်သုတေသနပေါင်း ၃၀၂ ခု (၃၁ ဒသမ ၆ ရာခိုင်နှုန်း)နှင့် မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှတွင် ဦးဆောင်နိုင်ငံအဖြစ် စိုက်ပျိုးနေသော ပဲမျိုးစုံဆိုင်ရာ သုတေသနပေါင်း ၁၄၅ ခု (၁၅ ဒသမ ၂ ရာခိုင်နှုန်း) တို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင် စိုက်ပျိုးရေးကဏ္ဍ၏ ကုန်ကြမ်းများကိုအသုံးပြု၍ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး နိုင်ငံ၏စားသုံးကုန်နှင့် လူသုံးကုန်ချောပစ္စည်းများအား ထုတ်လုပ်နိုင်မည့် ဝါသီးနှံ၊ ရော်ဘာနှင့် ကြံအစရှိသော စက်မှုကုန်ကြမ်းသီးနှံများဆိုင်ရာ သုတေသနပေါင်း ၉၀ (၉ ဒသမ ၄ ရာခိုင်နှုန်း)၊ လူသားတို့၏ နေ့စဉ်ဘဝတွင် စားသုံးရန် အရေးကြီးသည့် ဟင်းသီးဟင်းရွက်ဆိုင်ရာ သုတေသနပေါင်း ၆၆ ခု (၆ ဒသမ ၉ ရာခိုင်နှုန်း)၊ နိုင်ငံတော်၏ စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံမှုအတွက် အရေးကြီးသော ဆီထွက်သီးနှံများဆိုင်ရာ သုတေသနပေါင်း ၆၄ ခု (၆ ဒသမ ၇ ရာခိုင်နှုန်း) တို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အခြားနှံစားသီးနှံများ၊ သစ်သီးဝလံများ၊ စားဖိုဆောင်သီးနှံများ၊ ပန်းမန်များ၊ နှစ်ရှည်သီးနှံများ၊ ဥစားသီးနှံများ၊ ဈေးကွက်ဝင်သစ်သီးများနှင့် စားကျက်သီးနှံဆိုင်ရာ သုတေသနများကိုလည်း မလစ်လပ်စေဘဲ ဆောင်ရွက်ခဲ့ပါသည်။ (ပုံ–၂)


### စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံထောင့်စုံဆောင်ရွက်

သီးနှံဆိုင်ရာသုတေသနများအပြင် စိုက်ပျိုးရေးဆိုင်ရာ ရေရှည်တည်တံ့သော တိုးတက်မှုနှင့် သက်ဆိုင်သည့်သုတေသနများ၊ ကျေးလက်လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော သုတေသနများ၊ အပင်ရောဂါပိုးမွှားဗေဒဆိုင်ရာ သုတေသနများနှင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် ကုန်သွယ်မှုဆိုင်ရာ ဆန်းစစ်လေ့လာခြင်း

*စာမျက်နှာ ၁၁ သို့*




ပုံ (၁) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ဌာနအလိုက် ဘွဲ့လွန်သုတေသနများ ပြုလုပ်ဆောင်ရွက်မှု အချိုးအစား။




ပုံ (၂) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ဌာနများအားလုံး၏ ဘွဲ့လွန်သုတေသနများ သီးနှံနှင့် ခေါင်းစဉ်အလိုက် ပြုလုပ်ဆောင်ရွက်မှုအချိုးအစား။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသတွင်း အသား၊ ဥ ဖူလုံပိုလျှံစေရေးနှင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူရောင်းချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဒီဇင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဒီဇင်ဘာ ၇ ရက်က ဒေသတွင်း အသား၊ ဥ ဖူလုံပိုလျှံစေရေးနှင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူရောင်းချနိုင်ရေး မွေးမြူရေးခြံများ ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် ထုံးကြီးကျေးရွာအုပ်စု၌ CP Livestock Co.,Ltd.နှင့် အကျိုးတူမွေးမြူရေးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော ဒေါ်ရန်ဖူးရန်၏ အသားတိုးဝက်ကောင်ရေ ၄၈၀၀ နှင့် ဥစားကြက်ကောင်ရေ ၁၀၀၀၀၀ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အသားတိုးဝက်များအား အစားအစာဘေးကင်းလုံခြုံရေးအပြင် တိရစ္ဆာန်မွေးမြူရေးအတွက် ဇီဝလုံခြုံရေးကိုလည်း အထူးအလေးထားဆောင်ရွက်သွားရန်မှာကြားပြီး အသားတိုးဝက်မွေးမြူရေးခြံနှင့် ဥစားကြက် မွေးမြူရေးခြံတို့ကို ကြည့်ရှုသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ထုံးကြီးကျေးရွာအုပ်စုရှိ မိုးစပါး စိုက်ပျိုးရိတ်သိမ်းပြီး လယ်မြေများကို ကွင်းဆင်းကြည့်ရှုပြီး တောင်သူများနှင့်တွေ့ဆုံ၍ လယ်မြေများ မြေဆီသြဇာကြွယ်ဝစေရေးနှင့် လာမည့်သီးနှံစိုက်ရာသီတွင် ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိရေး ပိုက်ဆံလျှော် စိုက်ပျိုးသွားရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားဖိုဆောင်သီးနှံ ကြက်သွန်နှင့် ငရုတ်စိုက်ပျိုးနိုင်ရေး လက်နှိပ်တုံကင်တွင်းများ တူးဖော်နိုင်ရေး တွက်ချက်တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ် ထန်းပင်ချောင်ကျေးရွာအုပ်စု၌ Sunjin Livestock Co., Ltd. ၏ မျိုးဝက်ကောင်ရေ ၂၄၀၀ မွေးမြူ၍ တစ်နှစ်လျှင် ဝက်သားပေါက်ကောင်ရေ ၆၀၀၀၀ မွေးမြူထုတ်လုပ်သည့်ခြံသို့ ရောက်ရှိပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် လက်ပံဝင်းကျေးရွာအုပ်စု၌ Sunjin Livestock Co., Ltd. နှင့် မွေးမြူရေးလုပ်ငန်းရှင် ဒေါ်စုသက်ပိုင်၏ အသားတိုးဝက်ကောင်ရေ ၄၀၀ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးပြီး မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ကိုယ်တိုင်မွေးမြူထားသည့် အသားများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နေ့စဉ်ဖွင့်လှစ်လျက်ရှိသည့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူသူများ တိုက်ရိုက်အရောင်းဆိုင်များ၌ သက်သာသောဈေးနှုန်းဖြင့် ရောင်းချနိုင်ရေးနှင့် မွေးမြူရေးတိုးတက်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ မူပိုင်ခွင့်မှုခင်းများ ကြားနာစစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေး



**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ မူပိုင်ခွင့်မှုခင်းများ ကြားနာ စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ သုံးထပ်ဆောင် (အပေါ်ထပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကျော်ကျော်က ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေတို့ပါ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှု ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးပြီး ကျောက်တံတားခရိုင် တရားရုံး ခရိုင်တရားသူကြီး ဒေါ်မီမီထွေးက တရားမကြောင်းဖြင့် မှုခင်းများ စွဲဆိုစစ်ဆေးစီရင်ခြင်း ခေါင်းစဉ်၊ ကျောက်တံတားခရိုင် တရားရုံး၊ ဒုတိယခရိုင် တရားသူကြီး(၃) ဒေါ်သဲမို့မို့ဆွေက အမှတ်တံဆိပ်အတုပြုလုပ်ခြင်းစသည့်ပြစ်မှုများအရ ရာဇဝတ်ကြောင်းဖြင့် မှုခင်းများ စွဲဆိုစစ်ဆေးစီရင်ခြင်း ခေါင်းစဉ်၊ ကျောက်တံတားခရိုင် တရားရုံး၊ ဒုတိယခရိုင် တရားသူကြီး (၄) ဦးသန့်စင်ငြိမ်းက မှတ်ပုံတင်လက်မှတ်ကို မမှန်မကန် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း စသည့် ပြစ်မှုများအရ အရေးယူခြင်းခေါင်းစဉ်၊ ဦးသန်းမောင်(စစ်တွေ)က မူပိုင်ခွင့်နှင့် တရားရေးရာဆက်နွယ်မှုများခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*


သုတေသနများကိုလည်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံထောင့်စုံ ဆောင်ရွက်ခဲ့ပါသည်။ (ပုံ-၂)

စိုက်ပျိုးရေးတက္ကသိုလ်တွင် ဆောင်ရွက်ခဲ့သော စိုက်ပျိုးရေးဆိုင်ရာ ပြည်သူ့အကျိုးပြု သုတေသနများကို ဘွဲ့လွန်ပညာသင်တန်းများ စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၇၅ ခုနှစ်မှစတင်၍ ဆယ်စုနှစ်အလိုက် ဆောင်ရွက်မှုများကို ဆန်းစစ်လေ့လာရာတွင် ၁၉၇၅-၁၉၈၄ ခုနှစ်အတွင်း သုတေသနအရေအတွက် နည်းပါးခဲ့သော်လည်း ၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် သုတေသနဆောင်ရွက်မှု အရှိန်အဟုန်မြင့်မားလာခဲ့သည်ကို (ပုံ-၃) တွင် လေ့လာတွေ့ရှိနိုင်ပါသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းတွင် နှစ် (၁၀၀) ကာလအတွင်း ဆောင်ရွက်ခဲ့သည့် သုတေသနစုစုပေါင်း၏ (၃၆ ဒသမ ၇ ရာခိုင်နှုန်း) ကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ် ရာပြည့်နှစ်ကာလအထိ ဆောင်ရွက်ပြီးစီးခဲ့သော စိုက်ပျိုးရေးဆိုင်ရာ သုတေသနများမှာ သုတေသနရာပြည့်ခရီးစဉ်၏ (၄၄ ဒသမ ၅ ရာခိုင်နှုန်း) ရှိကြောင်း တွေ့ရှိရပါသည်။

စိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် မြန်မာနိုင်ငံ၏ အခြေခံစီးပွားရေးကဏ္ဍဖြစ်သော စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် အရေးပါသည့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ရာ၌ စိုက်ပျိုးရေးနည်းပညာ၏ အခြေခံနိယာမများနှင့် နည်းစနစ်များကို ကောင်းမွန်စွာ သေချာနားလည်ပြီး လက်တွေ့လုပ်ငန်းများကို ပိုင်နိုင်ကျွမ်းကျင်သော မြန်မာနိုင်ငံ၏ တောင်သူများ လက်ရှိရင်ဆိုင်နေရသော အားသာချက်၊ အားနည်းချက်များကို ကိုယ်ချင်းစာနားလည်နိုင်သည့် စိုက်ပျိုးရေးပညာရှင်များ ဖြစ်လာစေရန် အလေးထားလုပ်ဆောင်လျက်ရှိပါသည်။

စိုက်ပျိုးရေးတက္ကသိုလ်မှ မွေးထုတ်လိုက်သည့် ပညာရှင်များသည် သီအိုရီသဘောတရားများ အပြင် လက်တွေ့အခြေအနေများကို တွေးခေါ်သုံးသပ်ဆင်ခြင်မှုစွမ်းရည်နှင့် သုတေသနဆိုင်ရာ လေ့လာဆန်းစစ်မှုစွမ်းရည်မြင့်မားသော၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် နိုင်ငံတော်၏အကျိုးစီးပွားကို အစဉ်ရှေးရှုသော နိုင်ငံအကျိုးပြုပညာရှင်များဖြစ်စေရန် ရည်ရွယ်၍ လေ့ကျင့် သင်ကြားပေးလျက်ရှိပါသည်။

**“စိုက်ပျိုးရေးတက္ကသိုလ်မှ မွေးထုတ်လိုက်သည့် ပညာရှင်များသည် သီအိုရီသဘောတရားများအပြင် လက်တွေ့အခြေအနေများကို တွေးခေါ်သုံးသပ်ဆင်ခြင်မှုစွမ်းရည်နှင့် သုတေသနဆိုင်ရာ လေ့လာဆန်းစစ်မှုစွမ်းရည်မြင့်မားသော၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် နိုင်ငံတော်၏အကျိုးစီးပွားကို အစဉ်ရှေးရှုသော နိုင်ငံအကျိုးပြုပညာရှင်များဖြစ်စေရန် ရည်ရွယ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိ”**




**ပုံ (၃) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ဘွဲ့လွန်သုတေသနများ ၁၀ နှစ်တာ ကာလအလိုက် ပြုလုပ်ဆောင်ရွက်မှုအချိုးအစား။**

သုတေသနများဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံးအတွက် အရေးပါသော စိုက်ပျိုးသီးနှံများ၊ နိုင်ငံတော်၏ဝင်ငွေကို တိုးပွားစေသော ပို့ကုန်သီးနှံများ၊ စက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းအဖြစ် ပံ့ပိုးပေးနိုင်သောသီးနှံများ၊ ပြည်သူများ၏ နေ့စဉ်ဘဝတွင်အရေးကြီးသော စားသောက်ကုန်များ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများနှင့် သဘာဝပတ်ဝန်းကျင်သဟဇာတဖြစ်စေပြီး ရေရှည်တည်တံ့နိုင်သည့် စိုက်ပျိုးရေးထုတ်လုပ်မှုနည်းလမ်းများ၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေမှုရှိသော စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်များ၊ စိုက်ပျိုးရေးဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်သည့် စိုက်ပျိုးစီးပွားဆိုင်ရာ၊ ကုန်သွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ သုတေသနများကို ဘက်စုံထောင့်စုံ ဆောင်ရွက်လျက်ရှိပြီး သုတေသနဆိုင်ရာ တွေးခေါ်လေ့လာဆန်းစစ်မှုကို အခြေခံသည့်မူဝါဒ ဖော်ဆောင်နိုင်မှုများကို ပံ့ပိုးပေးနိုင်သော စိုက်ပျိုးရေးပညာရှင်များအဖြစ် လေ့ကျင့်သင်ကြားပေးသော စိုက်ပျိုးရေးတက္ကသိုလ်၏ နှစ် ၁၀၀ ခရီးစဉ်ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၈**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို** ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ရမှတ် (၆၇-၆၆)မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုကို ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့က ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပရာ **အမျိုးသား ဘော်လီဘောပြိုင်ပွဲ** တွင် ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ ပွဲ-၂ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ-၁ ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကချင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ပွဲပြတ်ဖြင့် အနိုင်ရရှိကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C)ရုံ၌ကျင်းပရာ **အမျိုးသား ကြက်တောင်ရိုက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ပွဲ-၁ပွဲ၊ ရှမ်းပြည်နယ်အသင်းက



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

မန္တလေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ - ၂ ပွဲဖြင့် လည်းကောင်း၊ **အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းကမန္တလေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ-၁ ပွဲ၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ- ၂ ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ပွဲ-၁ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုကို ရှမ်းပြည်နယ်အသင်း၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့က လည်းကောင်း၊ **အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ပွဲ- ၁ ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး၊ ပထမဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုကို ရှမ်းပြည်နယ်အသင်း၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့က ရရှိခဲ့ကြသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ **အမျိုးသား (၅၁) ကီလိုတန်း ပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ ဟိန်းထွဋ်အောင်က ရှမ်းပြည်နယ်မှ ရဲနိုင် ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ဘောမ်ဆောင်က ရန်ကုန်တိုင်းဒေသကြီးမှ ခန့်ဖြိုးကျော်ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သူရက ချင်းပြည်နယ်မှ ရဲရင့်ထွေးကို လည်းကောင်း၊ ကရင်ပြည်နယ်မှ စောရွှေဝင်းက ရခိုင်ပြည်နယ်မှ အာကာထက်ဝင်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား (၅၄) ကီလိုတန်း ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ အာကာဖြိုးက မကွေးတိုင်းဒေသကြီးမှ ကောင်းဆက်နိုင်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဇော်ဇော်နိုင်က ဧရာဝတီတိုင်းဒေသကြီးမှ စောလင်းအောင်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ရှိုင်းငယ်က စစ်ကိုင်းတိုင်းဒေသကြီးမှ ကိုကိုထွန်းကို လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝင်းထိုက်က ပဲခူးတိုင်းဒေသကြီးမှ တူးမောင်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား (၅၇) ကီလိုတန်း ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မင်းဆက်သာဦးက မွန်ပြည်နယ်မှ ဟိန်းလင်းထွန်းကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ရှိန်းထက်ကိုကိုက ပဲခူးတိုင်းဒေသကြီးမှ ဟိန်းထွဋ်ကျော်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ လမင်းကိုကိုက ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာမိုးကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဂင်ရှန်းမွှောင်က ကရင်ပြည်နယ်မှ စောလှဟန်အေးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ နုတ်မာရ်က ရခိုင်ပြည်နယ်မှ ထူးအောင်ရဲရင့် ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ဘုန်းမြင့်မောင်က ဧရာဝတီတိုင်းဒေသကြီးမှ လင်းထက် ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ စိုင်းနောင်က ကရင်ပြည်နယ်မှ စောဟဲဒိုစေး ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်မျိုးဟန်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ရာဇာနေဝင်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး (၅၀) ကီလိုတန်း ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးမူက ချင်းပြည်နယ်မှ ကေသွယ်ဝင်း ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်စုံဝင်းက ပဲခူးတိုင်းဒေသကြီးမှ အိန္ဒြေကျော် ကိုလည်းကောင်း၊ နေပြည်တော်မှ အိမ့်မြတ်ကျော်က မန္တလေးတိုင်းဒေသကြီးမှ ခိုင်သဇင်ထွန်း ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မြမိုးသူက ရှမ်းပြည်နယ်မှ သဲမြတ်မွန် ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် ခရစ်ကတ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း (၁/၂)၌ကျင်းပရာ **အမျိုးသား ခရစ်ကတ်ပြိုင်ပွဲတွင်** ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၁၆ မှတ်အသာ၊ မန္တလေးတိုင်းဒေသကြီးက ပဲခူးတိုင်းဒေသကြီးအသင်းကို ၁၄ မှတ်အသာ၊ ရခိုင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၁၃၉ မှတ်အသာ၊ ဧရာဝတီတိုင်းဒေသကြီးက မကွေးတိုင်းဒေသကြီးအသင်းကို ၁၀ ယောက်အသာဖြင့် လည်းကောင်း၊ **အမျိုးသမီးခရစ်ကတ်ပြိုင်ပွဲတွင်** ရခိုင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းအသင်းကို ၅၁ မှတ်အသာ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို လေးယောက်အသာ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၁၄ မှတ်အသာ၊ ကရင်ပြည်နယ်

*စာမျက်နှာ ၁၃ သို့*



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား (၅၁) ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဟိန်းထွဋ်အောင်နှင့် ရှမ်းပြည်နယ်မှ ရဲနိုင်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး (၅၀) ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်စုံဝင်းနှင့် ပဲခူးတိုင်းဒေသကြီးမှ အိန္ဒြေကျော်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်စဉ်။

*စာမျက်နှာ ၁၂ မှ*
အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို နှစ်မှတ်အသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ချင်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်းတို့က တစ်ဖက် သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ပြီး မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၄ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ကယားပြည်နယ် အသင်းတို့က ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရောဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ် အသင်းကို ၂ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ **အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို ၁၁ ဂိုး - ဂိုးမရှိ၊ ကချင်ပြည်နယ်အသင်းက ရောဝတီ တိုင်းဒေသကြီး အသင်းကို ၇ ဂိုး-၅ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(A)ရုံ၌ ကျင်းပရာ **အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင်** ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို ၂ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ **အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင်** မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ-၁ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(A)ရုံ၌ ကျင်းပရာ **အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို ၂ ပွဲ- ၁ ပွဲ၊ မကွေးတိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲ - ၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂ ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၂ပွဲပြတ်ဖြင့်လည်းကောင်း၊ **အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို ၂ ပွဲပြတ်၊ ရောဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲ-၁ ပွဲ၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်တို့ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ပေါင်းလောင်း အားကစားကွင်း၊ ရွှေကြာပင် အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့က ဂိုးမရှိသရေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၂ ဂိုး-၁ ဂိုး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ **အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင်** အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့က တစ်ဖက် ၃ ဂိုးစီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ၂ ဂိုး- ဂိုးမရှိ၊ ပညာရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၅ ဂိုး - ၄ ဂိုး၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၃ဂိုး-၁ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ယနေ့ကျင်းပသည့်အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားခရစ်ကတ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။




ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ တွင် မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။



အမျိုးသမီး (၅၀) ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် ချင်းပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။



အမျိုးသမီး (၅၀) ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။




အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့်ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။



အမျိုးသား (၅၁) ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် ရှမ်းပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီးတို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။



ဝန်ကြီးဌာန အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်



ပြည်နယ်နှင့်တိုင်းဒေသကြီး မသန်စွမ်းထိုင်လျက် ဘော်လီဘောပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး မသန်စွမ်းမီတာ(၁၀၀) အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်စဉ်။



အမျိုးသား လှံတံပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်စဉ်။



အမျိုးသား သံပြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်စဉ်။



အမျိုးသမီး လှံတံပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား မသန်စွမ်းမီတာ (၁၀၀) အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်စဉ်။



အမျိုးသား သံပြားပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်စဉ်။

# မြန်မာ့အားကစားလောက တိုးတက်ရေးအတွက်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့အတွက် ပြည်တွင်းက အမျိုးသားအားကစားပွဲတော်မှာ ပြိုင်ဘက်တွေနဲ့ယှဉ်ပြိုင်အနိုင်ယူခဲ့သလို နိုင်ငံတကာပြိုင်ပွဲတွေမှာလည်း ယှဉ်ပြိုင်အနိုင်ရဖို့ဆက်လက်ကြိုးစား

ဦးတင်အောင်

တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဇင်ဦး၊ ဟိန်းထက်ဇော်၊ မျိုးထက်ဦး
ဓာတ်ပုံ - ဟိန်းဇင်ထက်


ဦးတင်အောင်


ဒေါ်ခိုင်ခိုင်မော်


ဦးမြင့်အောင်


ဦးခင်ဇော်


ဒေါ်မာမာစီ


မောင်လင်းထက်အောင်

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးကို နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းများနှင့် အားကစားရုံများ၌ ကျင်းပလျက်ရှိရာ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ဆင်နွှဲကြမည့် မြန်မာ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားဟောင်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ရှိ အားကစားအဖွဲ့များမှ တာဝန်ရှိသူများနှင့် အားကစားသမားများအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

**ဦးတင်အောင်(ဂိုး)**
**မြန်မာ့ဂုဏ်ဆောင်လက်ရွေးစင်**
**ဘောလုံးအားကစားသမားဟောင်း**

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးဟာ ငါးကြိမ်သာမက အကြိမ်ပေါင်း မြောက်မြားစွာ လုပ်သင့်တဲ့ ဒီလိုပွဲတော်မျိုးက အမြဲတမ်းလုပ်မှ တကယ့်အားကစားသမားကောင်းတွေ ပေါ်ထွက်လာဖို့အတွက် ဖြစ်တယ်။ ဒီလိုလုပ်ပေးခြင်းအားဖြင့် လူငယ်တွေရဲ့စိတ်ဓာတ်က အားကစားဘက်မှာ ပိုမိုစိတ်ဝင်စားပြီးတော့ နိုင်ငံတော်ရဲ့မျိုးဆက်သစ် လူငယ်လေးတွေ ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးမှာ၊ တိုးတက်မှာလို့မြင်တယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း တိုင်းနဲ့ ပြည်နယ်ပွဲတွေကနေ ထွက်ပေါ်လာခဲ့တာ၊ ဒါကြောင့်မို့ ဒီလိုပွဲတော်မျိုးကို များများကျင်းပဖို့ မျှော်လင့်တယ်။ ဆီးဂိမ်းက နှစ်နှစ်တစ်ကြိမ်၊ အာရှအားကစားပြိုင်ပွဲက လေးနှစ် တစ်ကြိမ် ပွဲတော်တွေ လုပ်သလိုပြည်တွင်းမှာအမျိုးသား အားကစားပွဲတော်လိုမျိုး သက်ဆိုင်ရာ တိုင်းဒေသကြီးအလိုက်၊ အဖွဲ့ချုပ်အလိုက် အားကစားပွဲတော်တွေလည်း ကျင်းပစေချင်တယ်။

အမျိုးသားအားကစားပွဲတော်မှာ ကျွန်တော်က အားကစားပွဲတော်အလံသယ်ယူရေးအဖွဲ့ ၁၀ ဦးထဲမှာပါဝင်သလို ဘောလုံးအဖွဲ့ချုပ်အနေနဲ့ ဘောလုံးပြိုင်ပွဲ ခုံသမာဓိအဖွဲ့ဝင်အဖြစ် ပံ့ပိုးသွားမှာပါ။ လူငယ်ကစားသမားတွေကို သိစေလိုတာက မျိုးဆက်သစ်တွေက ပြိုင်ပွဲယှဉ်ပြိုင်ပြီးတာနဲ့ ပြီးသွားတဲ့သဘောမဟုတ်ဘဲ မြန်မာ့အားကစားလောက တိုးတက်ရေးအတွက်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့အတွက် ပြည်တွင်းက အမျိုးသားအားကစားပွဲတော်မှာ ပြိုင်ဘက်တွေနဲ့ ယှဉ်ပြိုင်အနိုင်ယူခဲ့သလို နိုင်ငံတကာပြိုင်ပွဲတွေမှာလည်း ယှဉ်ပြိုင်အနိုင်ရဖို့ ဆက်လက်ကြိုးစားကြပါလို့ ပြောချင်တယ်။

လူငယ်တွေအတွက်က ကျန်းမာရေးသည် ပထမ၊ စည်းကမ်းရှိဖို့ ဒုတိယ၊ တတိယက စံချိန်ဆိုတဲ့ အောင်မြင်မှု။ ကျန်းမာကြံ့ခိုင်မှ ကိုယ်လိုချင်တဲ့ အားကစားလုပ်လို့ရမယ်၊ တိုးတက်အောင်လုပ်လို့ရမယ်။ နှစ်အချက်က စည်းကမ်းဆိုတာ နေတာထိုင်တာ လှုပ်ရှားတာကအစ၊ လေ့ကျင့်တာကအစ သူ့စည်းကမ်းနဲ့သူရှိတယ်။ အဲဒါတွေကို လိုက်နာစေချင်တယ်။ အဲဒီတော့မှ စံချိန်တွေတက်လာမယ်။ အောင်ပွဲတွေရလာမယ်။ အဲဒီလိုလမ်းညွှန်ချက်နဲ့အညီ ဆက်လက်ပြီးတော့ ကြိုးစားသင့်တယ်။

**ဒေါ်ခိုင်ခိုင်မော်**
**မြန်မာ့ဂုဏ်ဆောင်လက်ရွေးစင်**
**ဝူရှူးအားကစားမယ်ဟောင်း**

ဖွင့်ပွဲအခမ်းအနားကြီးမှာ ကျွန်မက မီးရှူးတိုင်ကို သယ်ဆောင်ရမယ့်တာဝန်ကို ယူထားပါတယ်။ ကျွန်မတို့လို လက်ရွေးစင်အားကစားသမားဟောင်းတွေကို အသိအမှတ်ပြုပေးပြီး ဒီလိုတာဝန်၊ အခွင့်အရေးကိုပေးလို့ ကျေနပ်ပီတိဖြစ်ရပြီး အများကြီးဝမ်းသာမိပါတယ်။ အားကစားကဏ္ဍဖွံ့ဖြိုးခြင်းဟာ လူငယ်တွေ ကျန်းမာကြံ့ခိုင်ရေးနဲ့ နိုင်ငံတည်ဆောက်ရေးအတွက် အင်မတန်အရေးကြီးပါတယ်။ အားကစားလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်ကနေ ပံ့ပိုးနိုင်တဲ့အတိုင်းအတာအထိ ပံ့ပိုးကြတယ်။ အားကစားလောက တိုးတက်ဖို့ကိစ္စက ရေရှည်သွားရမယ့်ကိစ္စဖြစ်တဲ့အတွက် ထောက်ပံ့ပေးမယ့် ချက်ချင်း ဝုန်းခနဲ တိုးတက်လာမှာမဟုတ်ဘူး။ ရေရှည်လုပ်နိုင်တဲ့အတိုင်းအတာလေးအတိုင်း မှန်မှန်လေးလုပ်ပေးမယ်ဆိုရင် လူငယ်တွေကိုပြုစုပျိုးထောင်နိုင်မယ်။ နောက်နည်းစနစ်ပိုင်းမှန်ကန်ဖို့ရယ်၊ ကစားသမားတွေကိုတာဝန်ယူပြီး လူကြီးတွေရဲ့ အနီးကပ်ပြုစုပျိုးထောင်ပေးမှုကလည်း အရေးကြီးတယ်။ လူငယ်တွေကလည်း ကိုယ်လုပ်တဲ့အလုပ်မှာ အဆင့်တစ်ခုရောက်လာပြီဆိုရင် ပိုပြီးသတိပြုဆင်ခြင်စရာတွေများပါတယ်။ လက်ရွေးစင်ဘဝရောက်လာဖို့ဆိုတာလည်း မလွယ်ကူဘူး၊ လူတွေအများကြီးကြားထဲက ရလာတဲ့ရလဒ်မို့ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားကြပါ။ ကိုယ်ရောက်နေတဲ့အဆင့်မှာ ရပ်မနေကြဘဲနဲ့ မြင့်နိုင်သလောက်မြင့်တဲ့အထိ ဝေးဝေးကိုကြည့်ပြီးတော့ အဲဒီကိုရောက်နိုင်ဖို့အတွက် ဘာတွေလိုအပ်မလဲဆိုတာကို အမြဲတွေးတောပြီးတော့ ပြုပြင်ပြောင်းလဲပေးနေရမယ်၊ သင်ယူလေ့လာနေရမယ်။ ဝူရှူးအားကစားနည်းကို အခုမှစကစားမယ့်လူတွေဆိုရင် နည်းစနစ်ပိုင်းကို တိတိကျကျနဲ့ အခြေခံကိုပိုင်နိုင်အောင်လုပ်ပါ၊ သေချာလေ့ကျင့်ပါ။ နည်းပြပိုင်းကလည်း ကလေးရဲ့အနေအထားအပေါ်မှာ အားနည်းချက်၊ အားသာချက်ကို သိပြီးတော့ သူတို့ရဲ့အားနည်းချက်တွေကို ဖြည့်ပေးနိုင်တဲ့ နည်းပြမျိုးဖြစ်အောင် လုပ်ပါ။ ပြိုင်ပွဲတွေအနေနဲ့ကလည်း နိုင်ငံတကာမှာ ပိုပြီးတော့ များလာတာရှိတယ်။

**ဦးမြင့်အောင်**
**မြန်မာ့ဂုဏ်ဆောင်လက်ရွေးစင်**
**ကျွမ်းဘားအားကစားသမားဟောင်း**

ကျွန်တော်က ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်မှာ အလံသယ်ယူကိုင်ဆောင်ရေးအဖွဲ့မှာ ပါဝင်ပါတယ်။ အခုလို ပြိုင်ပွဲကြီးတွေကို ကျွန်တော်တို့က အများကြီးကြိုဆိုပါတယ်။ ဒါမှသာ မျိုးဆက်သစ်တွေကို ပြိုင်ပွဲတွေကနေ ထွက်ပေါ်တွေ့ရှိကြရမှာ။ အပြိုင်အဆိုင်ရှိမှလည်း ကလေးတွေအတွက် လေ့ကျင့်ရတာ အားဖြစ်စေပါတယ်။ အထူးသဖြင့် ကျွန်တော်ကစားတဲ့ ကျွမ်းဘားအားကစားဆိုတာ အားကစားတွေအားလုံးရဲ့ အခြေခံဖြစ်ပါတယ်။ ကျွမ်းဘားအားကစားနည်းက ခန္ဓာကိုယ်ကြွက်သားအားလုံးကို ပျော့ပျောင်းစေတယ်၊ ကြံ့ခိုင်စေတယ်၊ စည်းဝါးတကျ ကိုက်ညီမှုရှိစေတယ်။ ကျွမ်းဘားကစားပြီးရင် ကျန်တဲ့အားကစားနည်း အားလုံးကို ကူးပြောင်းဖို့လွယ်တယ်။ အားကစားနည်းတွေဆိုတာ နေ့ချင်းညချင်း တတ်မြောက်ဖို့ မလွယ်ဘူး။ စဉ်ဆက်မပြတ် လေ့ကျင့်နေမှသာ တိုးတက်မှုရှိမယ်။ ကျွန်တော်တို့တုန်းက အရှေ့တောင်အာရှ ငါးကြိမ်မြောက် ကျွန်းဆွယ်အားကစားပြိုင်ပွဲမှာ ကျွမ်းဘားစပြိုင်ခွင့်ရတယ်။ မလေးရှား၊ မြန်မာ၊ စင်ကာပူ သုံးနိုင်ငံပြိုင်တယ်။ ဆုတံဆိပ် ခုနစ်မျိုးမှာ မြန်မာနိုင်ငံက ရတယ်။ ကျွန်တော်က ရွှေခြောက်ဆုရတယ်၊ မြန်မာနောက်တစ်ယောက်က ရွှေတစ်ခုရတယ်။ ဒီလိုနဲ့ သူတို့ကမမီမှန်းသိတော့ အပြင်းအထန်နဲ့ ပြိုင်ပွဲကို ပိတ်တယ်။ ဆယ်ကြိမ်မြောက်ကျမှ ပြန်ပြိုင်ခွင့်ရခဲ့တယ်။ အခုလက်ရှိကျွမ်းဘားအားကစားသမားတွေအပေါ်မှာ မျှဝေရရင် ဒီအားကစားနည်းက အထောက်အကူပစ္စည်းတွေ လေ့ကျင့်ဖို့အတွက် ထားရှိပေးဖို့လိုတယ်။ အားကစားကွင်းတွေ၊ နေရာတွေ ဖော်ထုတ်ပေးဖို့လိုတယ်။ ဒါမှလည်း အားကစားနည်းတိုင်း တိုးတက်မယ်။ မျိုးဆက်သစ်ဝါသနာရှင်တွေကိုလည်း ဖိတ်ခေါ်ပါတယ်။ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းမှာ လာရောက်ကစားနေသူတွေ အများကြီးရှိသလို မန္တလေးမှာလည်း ထိုနည်းတူပါပဲ။ အသက်ငါးနှစ်ကနေ ကျွမ်းဘားစတင်ကစားနိုင်ပါတယ်။ ပြိုင်ပွဲကြီးတစ်ခုလို့ မြင်ပါတယ်။

**ဦးခင်ဇော်(ညွှန်ကြားရေးမှူး)**
**နေပြည်တော်လေ့ကျင့်ရေးတာဝန်ခံ**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲမှာ ကျွန်တော်တို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးမှာ ပြိုင်ပွဲဝင် စုစုပေါင်း အားကစားသမား ၄၅၀ ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ မသန်စွမ်းအားကစားနည်း လေးမျိုးမှာ အားကစားသမား ၃၀ ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ မသန်စွမ်းမှာလည်း ဆုတံဆိပ်တွေအများကြီး မျှော်လင့်ထားပါတယ်။ ကစားသမားတွေကလည်း လက်ရွေးစင်အဆင့်တွေပါပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲတွေမှာလည်း ဆုတံဆိပ်တွေအများကြီးရဖို့ မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်လတိတိ စနစ်တကျဖွဲ့စည်းပြီး စခန်းသွင်းလေ့ကျင့်မှုတွေ လုပ်ဆောင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပံ့ပိုးမှုအနေနဲ့ကလည်း နေပြည်တော်ကောင်စီဥက္ကဋ္ဌကြီးကိုယ်တိုင်အပြင် ကောင်စီဝင်တွေ၊ အားကစားဝါသနာရှင်တွေ၊ ကြီးကြပ်တွေအပါအဝင် အားလုံးကအားပေးပံ့ပိုးကြပါတယ်။ ဒီပြိုင်ပွဲကြီးကို တကယ့်ကိုပျော်ပျော်ရွှင်ရွှင်နဲ့ ဝင်ရောက်ယှဉ်ပြိုင်နိုင်တဲ့အတွက် အားကစားတာဝန်ရှိသူတစ်ယောက်အနေနဲ့ အလွန်ပဲအားရကျေနပ်ပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးအတွက် ကစားသမားတွေကတော့ နေပြည်တော်မှာရှိတဲ့ ပေါင်းလောင်းအားကစားကွင်း၊ လယ်ဝေး TC-2၊ လယ်ဝေးမြို့နယ်အားကစားကွင်း၊ ရွှေကြာပင်အားကစားရုံနဲ့ ဝဏ္ဏသိဒ္ဓိ Gold Campမှာ လေ့ကျင့်ပါတယ်။ လေ့ကျင့်မှုအနေနဲ့ နှစ်လ ကြိုပြင်ဆင်နိုင်တဲ့အတွက် လုံလောက်တဲ့ လေ့ကျင့်မှု ရရှိပါတယ်။ ကလေးတွေကလည်း ကြိုးစားအားထုတ်မှုအပြည့်အဝနဲ့ လေ့ကျင့်ထားတဲ့အတွက် ကျေနပ်ပါတယ်။ ပဉ္စမအကြိမ်အမျိုးသားအားကစားပြိုင်ပွဲကြီးကို အခုလိုကြီးကျယ်ခမ်းနားစွာနဲ့ ကျင်းပနိုင်တဲ့အတွက် အလွန်ပဲ ဂုဏ်ယူရပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကစားသမားတွေကလည်း ဂုဏ်ယူဝင့်ကြွားစွာနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာ တွေ့ရပါတယ်။ ဒီပြိုင်ပွဲကြီးကနေ နိုင်ငံအတွက် မျိုးဆက်သစ် အားကစားသမားတွေ ပေါ်ထွက်လာမယ်လို့ မျှော်လင့်ပါတယ်။ ထူးချွန်တဲ့ ကစားသမားကောင်းတွေ ပေါ်ထွက်လာမှာဖြစ်တဲ့အတွက် တကယ်ကိုအကျိုးရှိတဲ့ အားကစားပွဲကြီးဖြစ်ပါတယ်။

**ဒေါ်မာမာစီ (လက်ထောက်ညွှန်ကြားရေးမှူး)**
**စစ်ကိုင်းတိုင်းဒေသကြီး**
**ဖူဆယ်အဖွဲ့ခေါင်းဆောင်**

ကျွန်မတို့ စစ်ကိုင်းတိုင်းဒေသကြီးအနေနဲ့က လက်ရှိယှဉ်ပြိုင်ရမယ့်အခြေအနေဆိုရင် ပွဲအရှိန်က မြင့်လာပြီး လက်ရှိချန်ပီယံအသင်းဖြစ်တဲ့ ရန်ကုန်တိုင်းအသင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်တဲ့အတွက် ကစားသမားတွေကိုလည်း စိတ်ဓာတ်ခွန်အားတွေပေးပြီး အကောင်းဆုံးယှဉ်ပြိုင်ဖို့ တိုက်တွန်းထားပါတယ်။ အနိုင်အရှုံးထက် အခုလို ပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် မျိုးဆက်သစ်လူငယ်ကစားသမားတွေ ပေါ်ထွန်းလာမှာဖြစ်ပြီး ပြည်ပနိုင်ငံများအထိ အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့ ကစားသမားတွေလည်း ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

**မောင်လင်းထက်အောင်(ရှမ်းပြည်နယ်)**
**ဘတ်စကက်ဘောကစားသမား**

ဒီနေ့ဘတ်စကက်ဘောမှာ ရွှေတံဆိပ်ဆုရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်၊ ဆုရဖို့လည်း အများကြီးကြိုးစားခဲ့ရတော့ ပျော်လည်းပျော်ပါတယ်။ ပြိုင်ပွဲအတွက် နှစ်လသုံးလလောက်ကတည်းက ကြိုတင်ပြင်ဆင်ထားရပါတယ်။ ရှမ်းပြည်နယ်ကိုယ်စားပြု ဘတ်စကက်ဘောအသင်းအနေနဲ့ မြို့တစ်မြို့တည်းကနေမဟုတ်ဘဲ မြို့ပေါင်းစုံကနေ အသင်းတစ်သင်းဖြစ်အောင် လုပ်ရတာဖြစ်တဲ့အတွက် Team Work ကောင်းတစ်ခုဖြစ်အောင် တော်တော်လေးကြိုးစားခဲ့ရတယ်။ဘတ်စကက်ဘောအားကစားကို တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲတွေကျင်းပတဲ့ ရန်ကုန်နဲ့ မန္တလေးမှာလည်း သွားပြိုင်ဖူးပါတယ်။ ရွှေတံဆိပ်ဆုရော ငွေတံဆိပ်ဆုတွေပါ ရဖူးပါတယ်။ နောက်ထပ်လည်း ဘတ်စကက်ဘောကစားပွဲတွေ အများကြီးထပ်ပြီးတော့ များများလုပ်ပေးပါလို့လည်း မေတ္တာရပ်ခံပါတယ်။

## Grade-11 နှင့် Grade-12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**မန္တလေး ဒီဇင်ဘာ ၈**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် Grade–11 နှင့် Grade–12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေး ပညာရေးဒီဂရီကောလိပ်၌ ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်းက သင်တန်းဖွင့်လှစ်ခဲ့မှုနှင့် သင်တန်းဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုများ၊ သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကို ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ အခြေခံပညာ အထက်တန်းကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့်နိုင်ငံတကာ အထက်တန်းကျောင်းများမှ ဆရာ ဆရာမ စုစုပေါင်း ၂၁၀ တက်ရောက်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေအပါအဝင် ဘာသာရပ် ခုနစ်ခု ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## သထုံမြို့နယ်၌ ပဲတီစိမ်း စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲကျင်းပ

**သထုံ ဒီဇင်ဘာ ၈**

မွန်ပြည်နယ် သထုံမြို့နယ်၏ ဆောင်းသီးနှံပဲတီစိမ်း စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲနှင့် ပဲမျိုးစုံအထွက်တိုးရေးအတွက် ရွက်ဖျန်းအဖြစ် အသုံးပြုနိုင်သည့် ယူရီးယားနှင့် လက်ချား ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ ၇ ရက်က သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်ရှိ ကွင်းအမှတ်(၅၈၅) ဦးပိုင်အမှတ်(၁၁/၁) တောင်သူ ဦးသန်းနိုင်ဦး၏ စံပြလယ်ယာမြေ၌ ကျင်းပသည်။



ဆောင်းသီးနှံပဲတီစိမ်း ကွင်းသရုပ်ပြစိုက်ပျိုးနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ကြည့်ရှုအားပေးကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောခင်ကျော်မြင့်က သထုံမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးမှု အခြေအနေနှင့် တောင်သူများထံ နည်းပညာဖြန့်ဖြူးပေးနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆောင်းသီးနှံစိုက်တောင်သူများနှင့် တွေ့ဆုံပြီး ပဲအမျိုးမျိုး အပါအဝင် ဆီထွက်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးကြရေး၊ တာဝန်ရှိသူများ အနေဖြင့် တောင်သူများ၏ လိုအပ်ချက်အပေါ် ကူညီဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းပေးကာ တောင်သူများထံ ယူရီးယားနှင့် လက်ချားတို့ကို ထောက်ပံ့ပေးအပ်သည်။

သထုံမြို့နယ်အတွင်း ဆောင်းသီးနှံပဲတီစိမ်းကို ဧကပေါင်း ၂၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်နေပြီး ပဲတီစိမ်းအပြင် မြေပဲ၊ မတ်ပဲ၊ ပဲအမျိုးမျိုးနှင့် နေကြာ၊ ဖရဲ စသည့် ဆောင်းသီးနှံမျိုးစုံကို စိုက်ပျိုးကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဗဟန်းမြို့နယ် မူလတန်းကြို အမှတ် (၁) ကျောင်း၌ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၈**

လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြို အမှတ်(၁) ဗဟန်းကျောင်း၌ ကာယစွမ်းရည်ပြိုင်ပွဲ၊ ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က အဆိုပါကျောင်းစုဝေးခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ရင်သွေးငယ်လေးများ၏ ကာယစွမ်းရည်ပြိုင်ပွဲဖွင့်ပွဲကို ဗဟန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးမျိုးခိုင်၊ အဖွဲ့ဝင်(၂) ဦးစိန်မြင့်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်နွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရင်သွေးငယ်လေးများ၏ အကအလှဖြင့် ဖျော်ဖြေတင်ဆက်ပြီး ရင်သွေးငယ်လေးများ ကာယစွမ်းရည်ပြိုင်ပွဲကျင်းပရာ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် မိဘများပြိုင်ပွဲနှင့် ဆရာမများပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**




## မော်လမြိုင်မြို့၌ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်

**မော်လမြိုင် ဒီဇင်ဘာ ၈**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဒီဇင်ဘာ ၇ ရက်က ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် ကျင်းပသည်။

အဆိုပါ သင်တန်းတွင် ပြည်နယ် မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ရဲဗလဦးမျိုးဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး သင်ခန်းစာများအား ဆက်လက်ပို့ချပေးသည်။



အဆိုပါသင်တန်းသို့ မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဦးစီးအရာရှိ၊ ဒုတိယဦးစီးမှူး၊ လက်ထောက်ဦးစီးအဆင့်ရှိ တပ်ဖွဲ့ဝင် ၁၆ ဦး တက်ရောက်ပြီး သင်တန်းကို ဒီဇင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## မြောင်းမြမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

**မြောင်းမြ ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ် (၃) ရပ်ကွက် မြသာယာဈေး၌ ဆောင်ရွက်သည်။

အဆိုပါမီးသရုပ်ပြမှုကို မြောင်းမြခရိုင် မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦးက ဦးဆောင်ပြီး ဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်များ၌ မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေး၊ မီးသတိရှိစေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများနှင့် မီးသတ်ယာဉ်များဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းများကို ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝင်းနှင့် ဌာနဆိုင်ရာများ၊ ဈေးသူ ဈေးသားများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇေယျာ (မြောင်းမြ)**



## မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု၌ မိုးစပါး စံကွက်ရိတ်သိမ်း



**မြိတ် ဒီဇင်ဘာ ၈**

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု တောင်သူ ဦးငွေလွယ်၏ ဆင်းသုခ စပါးမျိုးစိုက်ပျိုးထားသည့် မိုးစပါး စိုက်ခင်း၌ ဒီဇင်ဘာ ၆ ရက်က မိုးစပါးစံကွက်ရိတ်သိမ်းကြသည်။

စံကွက် ရိတ်သိမ်းရာတွင် မြို့နယ်မြေစာရင်း ဦးစီးဌာန ဝန်ထမ်းများက ဆင်းသုခစပါးမျိုး မိုးစပါးစံကွက် ရိတ်သိမ်းကြရာ မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးဦး၊ ခရိုင်မြေစာရင်း ဦးစီးဌာနမှူး၊ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စက်မှုလယ်ယာဦးစီးဌာနမှူးတို့က ကြည့်ရှုအားပေးကြပြီး (သင့်)ကိုယ်စားပြုအလွှာတွင် တစ်ဧက ပျမ်းမျှအထွက်နှုန်း အစိုထွက် ၈၁ ဒသမ ၇၅ တင်း၊ အခြောက်ထွက် ၇၆ ဒသမ ၅၂ တင်း ထွက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

**ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု**

# တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး ဝိုင်းဝန်းကာကွယ်တားဆီးစို့

········· အလင်းရောင်(ဘသန်း) ·········

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့ဝင်ငွေတိုးတက်ရရှိစေရေး၊ အကောက်ခွန်နှင့် အခွန်အခများ ဆုံးရှုံးမှုမရှိစေရေးနှင့် ပြည်သူများအတွက် ဘေးကင်းစိတ်ချရသည့်ကုန်စည်များ အာမခံချက်ပေးနိုင်ရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုများ လုံးဝပပျောက်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါသည်။ မည်သည့်နိုင်ငံတွင်မဆို နိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရာတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူပြည်သူတို့က အဓိကနေရာမှ ပါဝင်နေပါသည်။



MSMEs ထုတ်ကုန်ပြခန်းအချို့အား တွေ့ရစဉ်။

**နိုင်ငံ့ဝင်ငွေ ပိုမိုတိုးတက်ရရှိစေရေး**

ကမ္ဘာ့နိုင်ငံများရှိ အစိုးရများအနေဖြင့်လည်း မက်ခရိုစီးပွားရေးတည်ငြိမ်မှုကို ခြိမ်းခြောက်လာသည့် တရားမဝင်ကုန်သွယ်မှုများကို ပပျောက်စေရန် အထူးအာရုံစိုက် ဆောင်ရွက်လာကြသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် နိုင်ငံအတွင်း MSMEs နှင့် စက်မှုဇုန်များက သွင်းကုန်အစားထိုးထုတ်ကုန်များ ပိုမိုထုတ်လုပ်ရန်၊ နိုင်ငံ့ဝင်ငွေနှင့် သုံးစွဲငွေမျှတရန်အတွက် ပို့ကုန်တင်ပို့မှု ပိုမိုအားကောင်းစေရန်နှင့် ကုန်ကြမ်းပစ္စည်းများ တင်ပို့ခြင်းထက် စက်မှုထွက်ကုန်တစ်နည်းအားဖြင့် Value Added ကုန်ချောပစ္စည်းများ တင်ပို့ခြင်းဖြင့် နိုင်ငံ့ဝင်ငွေ ပိုမိုတိုးတက်ရရှိစေရေး ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပနိုင်ငံများတွင် စက်မှုထုတ်ကုန်ချောများ ဈေးကွက်လိုအပ်ချက်နှင့်အညီ အမြောက်အမြား ထုတ်လုပ်ကြသည့်အတွက် ပစ္စည်းတစ်ခုချင်း၏ ကုန်ကျမှုတန်ဖိုးအနေဖြင့် ပိုမိုသက်သာမှုရှိသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်း စက်မှုထုတ်ကုန်ချောများအနေဖြင့် ထုတ်လုပ်နိုင်မှု အားနည်းချက်၊ ကန့်သတ်ချက်များရှိခဲ့ပါက ပစ္စည်းတစ်ခုချင်း ကုန်ကျစရိတ်တန်ဖိုးအနေဖြင့် ဈေးနှုန်းကြီးမြင့်ပြီး ပြည်ပမှ တရားမဝင်တင်သွင်းလာမှုများကို ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ စက်မှုဇုန်ကုန်ထုတ်လုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ရှိလာနိုင်သည်။ ထို့ကြောင့် ပြည်တွင်းသုံးအပြင် ထုတ်လုပ်ကုန်ချောပစ္စည်းများကို ပို့ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပမှ တရားမဝင် ကုန်ချောပစ္စည်းများ တင်သွင်းလာမှုကိုလည်း စနစ်တကျ တားဆီးစစ်ဆေးအရေးယူရပေမည်။

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်နေသည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမဝင်ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချနိုင်စွမ်းနည်းပြီး ရေရှည်ရပ်တည်ရန် ခက်ခဲလာသည့်အတွက် နယ်စပ်ဒေသနှင့် ထိစပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် တရားမဝင်ကုန်သွယ်မှု တားဆီးရေးလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးသွားရန် လိုအပ်လာမည်ဖြစ်သည်။ ယခင်ခေတ်အဆက်ဆက်တွင် အခွန်ရှောင်တိမ်းမှုများကြောင့် မှောင်ခိုဈေးကွက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုခေတ်က အခေါ်အဝေါ်အရ မှောင်ခိုဈေးကွက်မှာ ယခုခေတ်တွင် တရားမဝင်ကုန်သွယ်မှုဖြစ်သည်။ နိုင်ငံတော်ကို အမှန်တကယ် ပေးသွင်းရမည့် အခွန်ငွေကို ရှောင်လွှဲလိုခြင်းဖြင့် တရားမဝင်ကုန်သွယ်မှု ပြုနေခြင်းဖြစ်သည်ဟု ယူဆနိုင်ပါသည်။

**ဆုကြေးချီးမြှင့်ရေး ဆောင်ရွက်**

တရားမဝင် ဝင်ရောက်မှုများကို တားဆီးဆောင်ရွက်ခြင်းမှာ အကြမ်းဖက်အဖျက်သမားတို့၏ တရားမဝင် လက်နက်ခဲယမ်းများ တင်သွင်းခြင်းကိုလည်း တားဆီးသည့် လုပ်ဆောင်မှုမျိုးဖြစ်ခြင်းကြောင့် လုံခြုံရေးအတွက်များစွာအထောက်အကူပြုလျက်ရှိသည်။ တရားမဝင်ကုန်သွယ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံခြားငွေ ယိုစီးမှုများကို တားဆီးနိုင်ခဲ့သည်။ ထို့ပြင် တရားမဝင် သစ်ထုတ်လုပ်မှုများကို တားဆီးနိုင်မှုကြောင့် နိုင်ငံ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုကို ကာကွယ်နိုင်သည့်အပြင် သစ်တောထိန်းသိမ်းရေးအတွက်လည်း များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။ တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် အရေးယူလျက်ရှိသကဲ့သို့ စုံစမ်းထောက်လှမ်းရှာဖွေဖမ်းဆီးသည့် အဖွဲ့များကိုလည်း သတ်မှတ်ရာခိုင်နှုန်းဖြင့် ဆုကြေးချီးမြှင့်ရေး ဆောင်ရွက်လျက်ရှိသည်။

**"အမျိုးသားရေးတာဝန်" တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်**

တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံအတွက် ရရှိမည့်အခွန်အခများ ဆုံးရှုံးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်များ မှားယွင်းနိုင်ပြီး ဆုံးဖြတ်ချက်များ မှားယွင်းနိုင်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာစနစ်နှင့် ငွေကြေးစီးဆင်းမှုစနစ် ထိခိုက်စေနိုင်ပြီး နိုင်ငံခြားငွေကြေးဈေးနှုန်း မတည်ငြိမ်မှုဖြစ်ပေါ်နိုင်ခြင်း၊

❝ တရားမဝင် ကုန်သွယ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံခြားငွေ ယိုစီးမှုများကို တားဆီးနိုင်ခဲ့သည်။ ထို့ပြင် တရားမဝင် သစ်ထုတ်လုပ်မှုများကို တားဆီးနိုင်မှုကြောင့် နိုင်ငံ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုကို ကာကွယ်နိုင်သည့်အပြင် သစ်တောထိန်းသိမ်းရေးအတွက်လည်း များစွာအထောက်အကူပြုမည် ❞

တရားမဝင်တင်သွင်းလာသည့် ကုန်စည်များကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်မှုများ ဈေးကွက်ယှဉ်ပြိုင်နိုင်မှု ကျဆင်းလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျော့နည်းကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနိုင်ခြင်း၊ တရားမဝင် တင်သွင်းလာသည့် ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများတွင် အတုအပများ၊ သက်တမ်းလွန် ကုန်စည်များကြောင့် သုံးစွဲသူပြည်သူများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်ခြင်း စသည့်ဆိုးကျိုးများအပြင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို ထိခိုက်ကျဆင်းစေနိုင်ခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ဆောင်ရွက်ရာတွင် မိမိတို့အားလုံးက **"အမျိုးသားရေးတာဝန်"** တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

သတင်းပေးသူများကို ဆုကြေးငွေ မြန်မြန်ဆန်ဆန် ချီးမြှင့်ပေးခဲ့ပြီး သတင်းကွန်ရက်တည်ဆောက်ထားရန်နှင့် ရရှိလာသည့်သတင်းများကို အကျိုးရှိစွာ အသုံးချတားဆီးစစ်ဆေးအရေးယူကြရန် လိုအပ်ပါသည်။

သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများကြောင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာဆုံးရှုံးနေရသည်ကို သိရှိကြပြီး တရားမဝင်ကုန်သွယ်မှုများကို ဖော်ထုတ်ဖမ်းဆီးခြင်းဖြင့် နိုင်ငံ၏ လူမှုစီးပွားရေးကဏ္ဍများကို ဝိုင်းဝန်းမြှင့်တင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❖ ပြည်ပနိုင်ငံများတွင် စက်မှုထုတ်ကုန်ချောများ ဈေးကွက်လိုအပ်ချက်နှင့်အညီ အမြောက်အမြား ထုတ်လုပ်ကြသည့်အတွက် ပစ္စည်းတစ်ခုချင်း၏ ကုန်ကျမှုတန်ဖိုးအနေဖြင့် ပိုမိုသက်သာမှုရှိသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်း စက်မှုထုတ်ကုန်ချောများအနေဖြင့် ထုတ်လုပ်နိုင်မှု အားနည်းချက်၊ ကန့်သတ်ချက်များရှိခဲ့ပါက ပစ္စည်းတစ်ခုချင်း ကုန်ကျစရိတ်တန်ဖိုးအနေဖြင့် ဈေးနှုန်းကြီးမြင့်ပြီး ပြည်ပမှ တရားမဝင်တင်သွင်းလာမှုများကို ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ စက်မှုဇုန်ကုန်ထုတ်လုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ရှိလာနိုင်သည်။ ထို့ကြောင့် ပြည်တွင်းသုံးအပြင် ထုတ်လုပ်ကုန်ချောပစ္စည်းများကို ပို့ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပမှ တရားမဝင်ကုန်ချောပစ္စည်းများ တင်သွင်းလာမှုကိုလည်း စနစ်တကျ တားဆီးစစ်ဆေးအရေးယူရပေမည်



တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမိမှု။

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် ရေယာဉ်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုတ္တမဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၆၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Yun San ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၀၁၂၅၉၈) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၃၃ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၉၄၆၄၅၄၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်) ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၅၀၀၀၀) ကိုလည်းကောင်း၊ မန္တလေးစာတိုက်ကြီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၅၃၉၈၃၃၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Dump Truck မြေသယ်ယာဉ်သုံးစီးနှင့် Honda Fit မော်တော်ယာဉ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၈၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ တရားမဝင် အခြားသစ် ၂ ဒသမ ၂၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၅၂၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မှော်ဘီခရိုင် ထန်းတပင်မြို့နယ်၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၂၃၆ တန်၊ အခြားသစ် ၀ ဒသမ ၂၆၀ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၇၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ဝန်းသိုမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုးနှင့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၁၆၃၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၆၂၀၂၆၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း တံတားဦးအဝိုင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၈၉၆၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၁၂၆၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၃၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၄၂၃၅၇၉၈) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့၌ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်လျှပ်စစ်ရုံးတို့မှ တာဝန်ရှိသူများက ဒီဇင်ဘာ ၈ ရက်က ကြည့်ရှုစစ်ဆေးစဉ်။

**အောင်သူ(အုတ်ဖို)**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၄) ရပ်ကွက် ကမ်းနားလမ်းရှိ Ocean Super Center ၌ ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦး၊ ပုသိမ်ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်သူရ၊ ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ထွဋ်တို့ ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။

ခရိုင် (ပြန်/ဆက်)

# အင်းစိန်မြို့နယ်အတွင်း စက်မှုဇုန်များ မီးဘေးလုံခြုံရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ စက်မှုဇုန်များ မီးဘေးလုံခြုံရေးအတွက် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှု အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အင်းစိန်မြို့နယ် တည်င်းကုန်းရပ်ကွက် ရွှေပြည်သာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းဇော်က အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက မီးဘေးလုံခြုံရေး အသိပညာပေးဆွေးနွေးသည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်နည်းတို့အား ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာနမှ ပြသထားသည့် မီးငြိမ်းသတ်ရေးကိရိယာများကို တက်ရောက်လာသူများက လှည့်လည်ကြည့်ရှုကြပြီး အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်၊ အဖွဲ့ဝင်(၁) ဒုတိယ ဗိုလ်မှူးကြီး မြတ်စိုး၊ အဖွဲ့ဝင်(၂) ဦးအုန်းရွှေ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး သုခလှိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရွှေပြည်သာစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီအတွင်းရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများ၊ စက်ရုံ/အလုပ်ရုံများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဥာဏ်လင်း**



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာန ဒုမီးသတ်ဦးစီးမှူးဦးစည်သူအောင်နှင့် သန္နေတပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်များ၊ စက်ရုံအလုပ်ရုံများတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ် (ပြန်/ဆက်)

# ကျောက်ဆည်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၄ ရက် ညနေပိုင်းတွင် ကျောက်ဆည်မြို့နယ် သံရွာကျေးရွာအုပ်စု သံရွာကျေးရွာအနီးတွင် အောင်ထွန်းလင်း (ခ) အားဝေ မောင်းနှင်လာသည့် HUMMER အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၄၃၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၈ ဒသမ ၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် ပြည်ကြီးမျက်ရှင်ကားကြီးဝင်းအတွင်းရှိ ကားဂိတ်တွင် မော်တော်ဆိုင်ကယ်နှင့် ပါဆယ်ပစ္စည်း လာရောက်ထုတ်ယူသူ သိန်းဦး (ခ)အောင်သိန်းဦးနှင့် စိုင်းခေးစုံ(ခ)ရှမ်းလေးတို့ကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထုတ်ယူသည့် စက္ကူဂျပ်ဖာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



အောင်ထွန်းလင်း(ခ) အားဝေအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**ရဲပြန်ကြား**

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက်သင်ကြားသင်ယူမှုတွင်အကောင်းဆုံးအထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် Grammar ရှင်းလင်းချက်များအပါအဝင် လေ့ကျင့်ခန်းများနှင့်အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။

မြန်မာ့အလင်းစာတည်းအဖွဲ့

## Grade (6) Unit (2)

### Present Simple Tense

We use do/does to make questions and negative sentences:

| | | |
|---|---|---|
| Do | I/we/you/they | work?/drive?/do? |
| Does | he/she/it | work?/drive?/do? |
| I/we/you/they | | don't work/drive/do |
| he/she/it | | doesn't work/drive/do |

### I. Topic-Based Exercises

**A. Daily Routines**

**1. Complete the sentences about daily routines:**

(a) She ........... (**wake**) up at 7:00 every morning.

(b) They ........... (**go**) to school by bus.

(c) John ........... (**not/work**) on Sundays.

**Answer Keys**

a. wakes up　b. go　c. does not work

**2. Make sentences in the present simple:**

(a) I / read / a book / every evening.

(b) My friend / have / lunch / at 1 PM.

(c) We / not / watch / TV / at night.

**Answer Keys**

a. I read a book every evening.

b. My friend has lunch at 1 PM.

c. We do not watch TV at night.

**B. Hobbies and Habits**

**1. Choose the correct verb:**

(a) Sarah ........... (**play/plays**) the guitar.

(b) They ........... (**like/likes**) soccer.

(c) He ........... (**go/goes**) swimming on Fridays.

**Answer Keys**

a. plays　b. like　c. goes

**2. Put the verbs in brackets into the present simple:**

(a) Mark ........... (**collect**) stamps.

(b) We ........... (**not enjoy**) horror movies.

(c) She ........... (**practise**) piano every day.

**Answer Keys**

a. collects　b. do not enjoy　c. practises

**II. (A) Complete the sentences using these verbs. Sometimes you need the negative.**

| | | | | |
|---|---|---|---|---|
| believe | eat | flow | go | grow |
| make | rise | tell | translate | |

1. The earth ........... round the sun.
2. Rice doesn't ........... in cold climates.
3. The sun ........... in the east.
4. Bees ........... honey.
5. Vegetarians ........... meat.
6. An atheist ........... in God.
7. An interpreter ........... from one language into another.
8. Liars are people who ........... the truth.
9. The River Ayeyawady ........... into the Bay of Bengal.

**Answer Keys**

1. goes　2. grow　3. rises　4. make
5. do not eat　6. does not believe
7. translates　8. do not tell　9. flows

**(B). Put the verb into the correct form.**

1. Julia (**not / drink**) tea very often.
2. What time (**the banks / close**) here?
3. I have a car, but I (**not / use**) it much.
4. Where (**Maria / come**) from? Is she Spanish?
5. 'What (**you / do**)?' 'I'm an electrician.'
6. Look at this sentence. What (**this word / mean**)?
7. David isn't very fit. He (**not / do**) any sport.
8. It (**take**) me an hour to get to work in the morning. How long (**it / take**) you?

**Answer Keys**

1. does not drink　2. do the banks close
3. do not use　4. does Maria come
5. do you do　6. does this word
7. does not do　8. takes

**C. You ask Lisa questions about herself and her family. Write the questions.**

1. You know that Lisa plays tennis. You want to know how often. Ask her. How often ...........?
2. Perhaps Lisa's sister plays tennis too. You want to know. Ask Lisa. ........... your sister ........... ?
3. You know that Lisa goes to the cinema a lot. You want to know how often. Ask her. How often .........?
4. You know that Lisa's brother works. You want to know what he does. Ask Lisa. What ...........?
5. You're not sure whether Lisa speaks Spanish. You want to know. Ask her. ........... Spanish?
6. You don't know where Lisa's grandparents live. You want to know. Ask Lisa. Where ........... ?

**Answer Keys**

1. How often does Lisa play tennis
2. Does you sister play tennis?
3. How often does she go to the cinema?
4. What does her brother do?
5. Does she speak
6. Where do her grandparents live?

## Grade (7) Unit (1)

### Comparative Degree: Rules and Examples

The comparative degree is used to compare two things or people. It generally shows that one entity has more or less of a quality than the other.

Rules for Forming Comparatives:

For Short Adjectives (one syllable): Add -er to the adjective.

**Example:** Small - Smaller,
Fast - Faster

For Adjectives ending in "e": Just add -r.

**Example:** Large - Larger,
Nice - Nicer

For Adjectives ending in a consonant + vowel + consonant: Double the final consonant and add -er.

**Example:** Big - Bigger
Hot - Hotter

For Two-syllable adjectives ending in "y": Change the "y" to "i" and add -er.

**Example:** Happy - Happier　Easy - Easier

For Long Adjectives (two or more syllables): Use "more" or "less" before the adjective.

**Example:** Beautiful - More beautiful
Intelligent - More intelligent

Irregular Comparatives:

Some adjectives don't follow the rules and have unique comparative forms.

**Example:** Good - Better
Bad - Worse
Far - Farther / Further

**Exercises:**

**I. Fill in the blanks with the correct comparative form of the adjective in parentheses.**

1. This room is (bright) than the other one.
2. She is (kind) than her sister.
3. The movie was (exciting) than I expected.
4. Your car is (fast) than mine.
5. This exam is (difficult) than the last one.
6. He is (strong) than his friend.
7. This painting is (beautiful) than that one.
8. I feel (good) today than yesterday.
9. This puzzle is (easy) than the previous one.
10. My house is (far) from school than yours.

**Answer Keys**

I. 1. brighter　2. kinder　3. more exciting　4. faster
5. more difficult　6. stronger　7. more beautiful
8. better　9. easier　10. farther

**II. Complete the sentences. Use the comparative forms of the words in the box. Use than where necessary.**

| | | | | |
|---|---|---|---|---|
| big | early | high | important | interested |
| thin | serious | slowly | reliable | peaceful |

1. I was feeling tired last night, so I went to bed ........... than usual.
2. I'd like to have a ........... car. The one I have keeps breaking down.
3. You look ...........  Have you lost weight?
4. We don't have enough space here. We need a ........... apartment.
5. James doesn't study very hard. He's ........... in having a good time.
6. Health and happiness are ........... money.
7. I like living in the country. It's ........... living in a town.
8. I'm sorry I don't understand. Can you speak ..........., please?
9. In some parts of the country, prices are ........... in others.

**Answer Keys**

I. 1. earlier　2. more reliable　3. thinner
4. bigger　5. more interested
6. more important　7. more peaceful
8. more slowly　9. higher

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။







## နိုင်ငံတကာသတင်း



### နော့ထရီဒမ် ဘုရားကျောင်းပြန်လည်ဖွင့်လှစ်သည့်အခမ်းအနား ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်

**ပါရီ ဒီဇင်ဘာ ၈**

အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဒေါ်နယ် ထရမ့်အပါအဝင် ကမ္ဘာ့ခေါင်းဆောင်များသည် ပြင်သစ်နိုင်ငံရှိ နော့ထရီဒမ် ဘုရားကျောင်း ပြန်လည်ဖွင့်လှစ်သည့် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဘုရားကျောင်းသည် လွန်ခဲ့သည့် ငါးနှစ်က မီးဘေးသင့်ကာ ပျက်စီးခဲ့ရသည်။ ပြန်လည်ဖွင့်လှစ်သည့် အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

ယင်းဘုရားကျောင်းမှာ ၂၀၁၉ ခုနှစ်က မီးဘေးကြောင့် ပျက်စီးခဲ့ရပြီးနောက် ပြန်လည်ထိန်းသိမ်းမှုလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘာတစ်ဝန်းမှ ထင်ရှားကျော်ကြားသူများ တက်ရောက်ခဲ့ကြသည်။ အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဒေါ်နယ် ထရမ့်အတွက် နိုဝင်ဘာလ ရွေးကောက်ပွဲအပြီးတွင် ပထမဦးဆုံး အကြိမ်အဖြစ် နိုင်ငံခြားခရီးစဉ် သွားရောက်ခြင်းလည်းဖြစ်သည်။

ရာသီဥတု ဆိုးရွားမှုကြောင့် အခမ်းအနားကို ပြန်လည်ပြင်ဆင်ခဲ့ရပြီး ဘုရားကျောင်းအတွင်း ပွဲကျင်းပခဲ့ရသည်။ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က မိန့်ခွန်းပြောကြားပြီး နယ်ပယ်အသီးသီးမှ လက်မှုပညာဆရာများ အပါအဝင် လူပေါင်း ၂၀၀၀ ကျော် ပါဝင်ခဲ့သည့် ငါးနှစ်ကြာ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ကြည့်ရှုခဲ့ကြသည်။ **အင်န်အီတီချ်ကေ**

### ရှစ်လအတွင်း ပါကစ္စတန်၊ တူကီယဲနှင့် အီရန်နိုင်ငံတို့မှ အာဖဂန်နေရပ်ပြန် ၉၇၀၀၀၀ ရှိ

**ကဘူးလ် ဒီဇင်ဘာ ၈**

လွန်ခဲ့သည့် ရှစ်လအတွင်း အီရန်၊ ပါကစ္စတန်နှင့် တူကီယဲနိုင်ငံတို့မှ ဇာတိမြေသို့ပြန်သည့် အာဖဂန်ဒုက္ခသည် စုစုပေါင်း ၉၇၀၀၀၀ ရှိကြောင်း ပြည်တွင်းမီဒီယာတိုလိုနယူးစ်က ဒီဇင်ဘာ ၈ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ နေရပ်ပြန်သူများထဲတွင် ပါကစ္စတန်နိုင်ငံမှ ၈၈၀၀၀ ခန့်၊ တူကီယဲနိုင်ငံမှ ၅၀၀၀ နှင့် ကျန်ရှိသူများမှာ အီရန်နိုင်ငံတို့မှ ဖြစ်ကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူတာလက် ဟက်ခန်နီ၏ ပြောကြားချက်ကို ကိုးကားပြီး ပြည်တွင်းမီဒီယာများက ထုတ်ပြန်ထားသည်။

အာဖဂန်ဒုက္ခသည် ခုနစ်သန်းမှာ ပြည်ပ၌နေထိုင်ကြပြီး အများစုမှာ အိမ်နီးချင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့တွင် နေထိုင်ကြကြောင်း ဝန်ကြီးဌာနမှ ထုတ်ပြန်သည့်တရားဝင် အချက်အလက်များအရ သိရသည်။

အာဖဂန် အိမ်စောင့်အစိုးရသည် ဒုက္ခသည်အဖြစ်ပြည်ပ၌ နေထိုင်ခြင်းကို ရပ်တန့်ပြီး စစ်ဒဏ်ကြောင့် ပျက်စီးနေသည့် မိမိတို့နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ကူညီရန် အာဖဂန်ဒုက္ခသည်များကို အကြိမ်ကြိမ် တိုက်တွန်းထားသည်။ **ဆင်ဟွာ**



## သည်ဟိတ်မြို့၌ ပေါက်ကွဲမှုဖြစ်ပွား၊ ငါးဦးသေဆုံး

**သည်ဟိတ် ဒီဇင်ဘာ ၈**

နယ်သာလန်နိုင်ငံ၌ ဒီဇင်ဘာ ၇ ရက်က အင်အားပြင်းထန်သည့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဆောက်အအုံ တစ်စိတ်တစ်ပိုင်းပြိုကျခဲ့ရာ အပျက်အစီးများအောက်မှ လူသေလောင်းငါးလောင်းကို တွေ့ရှိခဲ့သည်ဟု နယ်သာလန်အာဏာပိုင်များက ပြောသည်။

နောက်ထပ် ထိခိုက်ခံစားရသူများကို ကယ်ဆယ်နိုင်ရေး ရှာဖွေမှုများ ဆက်လက်ပြုလုပ်နေကြသည်။ သေဆုံးသူဦးရေမှာ ၂၀ ဝန်းကျင်အထိ ရှိလာနိုင်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးဌာနက သတိပေးထားသည်။

အသက်ရှင်လျက် ပြန်လည်တွေ့ရှိနိုင်သည့် အလားအလာမှာ အလွန်နည်းပါးကြောင်း သိရသည်။ အဆိုးဆုံးအခြေအနေအတွက် ပြင်ဆင်ထားကြောင်း မြို့တော်ဝန် ဂျန်ဗန်ဇန်နန်က ပြောသည်။

ကနဦး ကယ်တင်နိုင်ခဲ့သည့် နှစ်ဦးမှာလည်း စိုးရိမ်ရသည့်အခြေအနေတွင်ရှိသည်ဟု မြို့တော်ဝန်က ပြောသည်။ နယ်သာလန်ဝန်ကြီးချုပ် ဒစ်ရှို့ဖ်ကလည်း ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံကို တွေ့မြင်ရသည့်အခါ အလွန်အံ့အားသင့်ရကြောင်း လူမှုကွန်ရက်မီဒီယာပေါ်တွင် ရေးသားခဲ့သည်။

နယ်သာလန်ဘုရင် ဝီလီယံ အလက်ဇန်ဒရားနှင့် မိဖုရား မက်ဆီမာတို့ကလည်း အဆိုပါ ပေါက်ကွဲမှုနှင့်ပတ်သက်၍ ဝမ်းနည်းရကြောင်း လူမှုကွန်ရက်မီဒီယာတွင် ရေးသားခဲ့သည်။ သည်ဟိတ်မြို့ မယ်ရီယာဟုတ်ဖ်ခရိုင် တော်ဝိကမ်လမ်းတွင်ရှိသည့် အဆောက်အအုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အဆောက်အအုံတွင် ဈေးဆိုင်များပါဝင်ပြီး လူနေတိုက်ခန်း နှစ်ထပ်ပါဝင်သည်။ ပေါက်ကွဲမှု ဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြဆဲဖြစ်သည်။ **ဆင်ဟွာ**



ပေါက်ကွဲမှုကြောင့် အဆောက်အအုံပျက်စီးပြိုကျသွားသည့် နေရာ၌ ကယ်ဆယ်ရေးလုပ်သားများကို တွေ့ရစဉ်။

### အီရန်နိုင်ငံ၌ လူနေအဆောက်အအုံတွင် ပေါက်ကွဲမှုဖြစ်ပွား လေးဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

**တီဟီရန် ဒီဇင်ဘာ ၈**

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း အရှေ့အဇာဘိုင်ဂျန်ပြည်နယ်ရှိ လူနေအိမ် အဆောက်အအုံတစ်လုံးတွင် ပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးထက်မနည်းသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိကြောင်း အီရန်ကျောင်းသားများသတင်းအေဂျင်စီ (အိုင်အက်စ်အင်န်အေ) က ထုတ်ပြန်ထားသည်။

ပြည်နယ်မြို့တော် တာ့ဘရစ်ဇ်၌ သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုကြောင့် မွန်းလွဲပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနီးအနားရှိ အဆောက်အအုံအချို့မှာလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း ပြည်နယ်အရေးပေါ်ဆေးကုသရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗာဟက် ရှာဒီနီယာ ပြောကြားချက်ကို ကိုးကားပြီး အိုင်အက်စ်အင်န်အေ ပြောကြားသည်။ **ဆင်ဟွာ**



# ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL– 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($S_{O2}$) ၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>ဆာလဖာ ဒိုင် အောက် ဆိုက်</th><th>နိုက်ထရိုဂျင် ဒိုင် အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မို နောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>လဟယ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td></td><td></td><td></td><td></td><td></td></tr>
<tr><td></td><td>၃</td><td>မိုင်းဆတ်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td></td><td></td><td></td><td></td><td></td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## လယ်ဝေးမြို့နယ်အတွင်း ကျေးလက်လမ်း လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**လယ်ဝေး ဒီဇင်ဘာ ၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု/ နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးလက်လမ်း တည်ဆောက်ခြင်းလုပ်ငန်းခွင်များကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းတာဝန်ခံ အင်ဂျင်နီယာချုပ် ဦးထွန်းဝေက ခရိုင်/မြို့နယ် တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ လမ်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝေကြည် (ပြန်/ဆက်)**



## ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် နမ့်စန်နှင့် လင်းခေးမြို့နယ်အတွင်း လယ်ယာကဏ္ဍဆိုင်ရာလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဒီဇင်ဘာ ၄ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တာဝန်ခံများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက စိုက်ပျိုးသည့်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ နေကြာသီးနှံ စိုက်ဧကပြည့်ဝစေရေး၊ နည်းပညာအကူအညီများ ဖြန့်ဝေပေးနိုင်ရေး၊ စိုက်ပျိုးရေ အပြည့်အဝရရှိစေရေး၊ တိရစ္ဆာန်ပိုးမွှားရောဂါကာကွယ်တားဆီးနိုင်ရေး၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များပေါ်မူတည်၍ စိုက်ပျိုးရေးနည်းစနစ်များ၊ စိုက်ပျိုးရေသိုလှောင်ပေးဝေမှု၊ ထွန်ယက်ရိတ်သိမ်းမှု အလေ့အထများ ကြိုတင်စီမံဆောင်ရွက်ထားရေး၊ မွေးမြူရေးတိရစ္ဆာန်များမှထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ စာရင်းဇယားအချက်အလက်များ မှန်ကန်ရေး၊ ကျွမ်းကျင်ရာ ပညာရပ်အလိုက် လက်တွေ့အကျိုးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်စေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့အတူ ဒုတိယဝန်ကြီးသည် ယမန်နေ့က စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည် သီးနှံဌာနခွဲ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(နမ့်စန်)သို့ သွားရောက်ပြီး ပြည်ပမှတင်သွင်းစိုက်ပျိုးလျက်ရှိသော မက္ကာဒေးမီးယား ကိုင်းဆက်မျိုးများကို သုတေသနပြုလုပ်၍ ရေမြေရာသီဥတုနှင့် ကိုက်ညီသော အကောင်းဆုံးမျိုးများကို ရွေးချယ်စိုက်ပျိုးနိုင်ရေးနှင့် တောင်သူများထံ သီးနှံဆိုင်ရာ ခေတ်မီစိုက်ပျိုးနည်းပညာများဖြန့်ဝေရာတွင် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကာ မက္ကာဒေးမီးယားအစေ့စိုက်(စံပြ) စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လင်းခေးခရိုင် ပုန်းထွန်ကျေးရွာ၌ အကွက်ကျယ် စံပြစိုက်ခင်းစိုက်ပျိုးမည့် တောင်သူများအတွက် ပဲပုပ်မျိုးစေ့နှင့် မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## UFC 310 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဂျိုရှုအာဗန် အမှတ်ဖြင့် အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၈**

ဒီဇင်ဘာ ၈ ရက် မြန်မာစံတော်ချိန် နံနက်ပိုင်းက အမေရိကန်နိုင်ငံ၌ ကျင်းပသည့် UFC 310 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာဖိုက်တာ ဂျိုရှုအာဗန်အမှတ်ဖြင့် အနိုင်ရရှိသည်။

ဂျိုရှုအာဗန်သည် အမေရိကန်ဖိုက်တာ ကိုဒီဒါဒန်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပထမအချီတွင် လက်ရည်မကွာသော်လည်း ဒုတိယအချီနှင့် တတိယအချီတွင် ဂျိုရှုအာဗန်က လက်ရည်အသာရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် ဂျိုရှုအာဗန်ကို ဒိုင်လူကြီးသုံးဦးစလုံးက အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ၁၄ ပွဲ ထိုးသတ်ရာတွင် ၁၂ ပွဲမြောက် အနိုင်ရခဲ့ခြင်းဖြစ်ပြီး UFC နှင့် လက်တွဲအပြီး ခြောက်ပွဲထိုးသတ်ရာတွင် ငါးပွဲမြောက်အနိုင်ရခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-UFC**



ဂျိုရှုအာဗန်၏ လက်သီး ကိုဒီဒါဒန်ကို ထိမှန်နေစဉ်။

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**



## Asean Cup ပြိုင်ပွဲ အုပ်စု (B) ပထမနေ့ မြန်မာ-အင်ဒိုနီးရှား၊ လာအို-ဗီယက်နမ် ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၂၄ Asean Cup ပြိုင်ပွဲ အုပ်စု (B) ပထမနေ့ကို ဒီဇင်ဘာ ၉ ရက် (ယနေ့) ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

အုပ်စု (B) ပထမနေ့အဖြစ် ဒီဇင်ဘာ ၉ ရက် (ယနေ့) ည ၇ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ရှိ အမျိုးသားအားကစားကွင်း၌ လာအိုအသင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းသည် Asean Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ၂၀၀၈ ခုနှစ်၌ နောက်ဆုံးတွေ့ဆုံခဲ့ပြီး ၁၆ နှစ်ကြာမှ တစ်ကျော့ပြန်ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေပြီး အဖွင့်ပွဲတွင် နာမည်ကြီးအင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် တတိယအဆင့်ခြေစစ်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရနေသည့် တစ်သင်းတည်းသော အာဆီယံအသင်းဖြစ်ပြီး အာရှထိပ်သီးအသင်းအချို့ကိုပင် အနိုင်ကစားထားသည်။ ယခုပြိုင်ပွဲတွင် အမာခံကစားသမားအချို့ကို ကလပ်အသင်းများက မစေလွှတ်သဖြင့် အင်ဒိုနီးရှားအသင်းသည် ယူ-၂၂ ကစားသမားအများစုဖြင့် အခြေခံယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာလည်း အမာခံကစားသမားအချို့ မပါဝင်နိုင်သည့် အခြေအနေနှင့် ရင်ဆိုင်နေရပြီး နောက်ခံလူစိုးမိုးကျော် ဒဏ်ရာကြောင့် လွဲချော်မည်ဖြစ်ကာ မလေးရှားကလပ်နီဂျီရီဆီဘမ်လန်အသင်းတွင် ကစားနေသည့် ဟိန်းထက်အောင်နှင့် ထိုင်းလိဂ်-၂ ကလပ် ကန်ချာနာဘူရီအသင်းတွင် ကစားနေသည့် တိုက်စစ်မှူး သန်းပိုင်တို့မှာလည်း ကလပ်အသင်းက မစေလွှတ်သဖြင့် ကစားခွင့်ရမည်မဟုတ်ပေ။

**ရဲရင့်လွင်**
**ဓာတ်ပုံ-သော်လေး**

## Asean Cup အုပ်စု (A) အဖွင့်ပွဲတွင် ထိုင်းအသင်း ဂိုးပြတ်နိုင်ပြီး ကမ္ဘောဒီးယားနှင့် မလေးရှားသရေကျ

**ရန်ကုန် ဒီဇင်ဘာ ၈**

၂၀၂၄ Asean Cup ပြိုင်ပွဲ အုပ်စု (A) ပထမနေ့ကို ဒီဇင်ဘာ ၈ ရက်က စတင်ကျင်းပရာ လက်ရှိချန်ပီယံ ထိုင်းအသင်း ဂိုးပြတ်အနိုင်ရပြီး ကမ္ဘောဒီးယားနှင့် မလေးရှားအသင်း နှစ်ဂိုးစီသရေကျခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ကမ္ဘောဒီးယားအသင်းနှင့် မလေးရှားအသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ ကမ္ဘောဒီးယားအသင်းသည် အိမ်ကွင်းတွင် မလေးရှားအသင်းထံမှ သရေတစ်မှတ်ရယူနိုင်ခဲ့ပြီး အဖွင့်လှသွားခဲ့သည်။ ၃၅ မိနစ်တွင် ဝယ်လ်ကင်က မလေးရှားအသင်းအတွက် ဦးဆောင်ဂိုးစတင်သွင်းယူသော်လည်း ၅၂ မိနစ်တွင် ကိုလီဘာလီက ကမ္ဘောဒီးယားအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ကမ္ဘောဒီးယားအသင်း ဆက်တိုက်ဖိကစားလာပြီး မိနစ် ၆၀ တွင် ဆာတေးက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ မလေးရှားအသင်းသည် အနိုင်မှပြန်ရှုံးသွားသဖြင့် နောက်မှလိုက်ကစားရသော်လည်း ၇၄ မိနစ်တွင် တီယာနေးက ချေပဂိုးပြန်သွင်းသဖြင့် နှစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ထိုင်းအသင်းက တီမောအသင်းကို ၁၀ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံထိုင်းအသင်းတွင် နာမည်ကြီးကစားသမားအချို့ ပါဝင်လာခြင်းမရှိသော်လည်း အုပ်စုတွင်း အင်အားအနည်းဆုံး တီမောအသင်းကို အဝေးကွင်းတွင် ဂိုးပြတ်သွင်းကာ အဖွင့်လှသွားခဲ့သည်။ ထိုင်းအသင်းအတွက် အနိုင်ဂိုးများကို ၄၊ ၃၂ မိနစ်တွင် ဘင်ဒေးဗီးစ်၊ ၁၇ မိနစ်တွင် ပက်ထရစ်၊ ၂၈၊ ၅၄ မိနစ်တွင် ဆူဖာနတ်၊ ၅၆၊ ၆၁ မိနစ်တွင် ဆက်ဆန်၊ ၇၉၊ ၉၀+၂ မိနစ်တွင် ပိုအီဖီမိုင်၊ ၉၀+၃ မိနစ်တွင် မစ်ကယ်ဆင်တို့က သွင်းယူခဲ့သည်။

အုပ်စု(A) ဒုတိယနေ့ကို ဒီဇင်ဘာ ၁၁ ရက် တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စင်ကာပူအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ မလေးရှားအသင်းနှင့် တီမောအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**



ကမ္ဘောဒီးယားနှင့် မလေးရှား ယှဉ်ပြိုင်နေစဉ်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မြန်မာ့သစ်လုပ်ငန်း၊ ရှမ်းပြည်နယ်(အရှေ့/တောင်)၊ တောင်ကြီးသစ်ထုတ်ရေးဒေသမှ သစ်မာတန်(၁၂၀၀၀)အား ရပ်စောက်မြို့နယ် နောင်ပိုးကြိုးဝိုင်းမှ ရပ်စောက်မြို့ရှိ မွေတော်သစ်ဆိပ်သို့လည်းကောင်း၊ လွိုင်လင်သစ်ထုတ်ရေးဒေသမှ သစ်မာတန်(၉၀၀၀)အား မိုင်းကိုင်မြို့နယ်၊ မိုင်းယွန်း/မိုင်းလန်းကြိုးဝိုင်းမှ ရပ်စောက်မြို့ရှိ မွေတော်သစ်ဆိပ်သို့လည်းကောင်း၊ သစ်မာတန်(၁၀၀၀၀)အား မိုးနဲမြို့နယ် မိုးနည်းကြိုးပြင်တောမှ နမ့်စန်မြို့ရှိ နမ့်စန်သစ်ဆိပ်သို့လည်းကောင်း၊ ကျွန်းသစ်တန်(၆၀၀၀)အား မိုင်းတုံမြို့နယ် မိုင်းကန်ကြိုးဝိုင်းအကွက်(၅၆) မှ နမ့်စန်မြို့ရှိ အမှတ်(၂၄၇) ခြေမြန်တပ်ရင်းဝင်းသို့လည်းကောင်း(၁)တန် အရောက်ဈေးနှုန်းဖြင့် ဝန်ဆောင်မှုများရယူလိုပါ၍ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - (၂၉-၁၁-၂၀၂၄)ရက်မှ (၁၂-၁၂-၂၀၂၄)ရက်အထိ(ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်ရက်** - (၁၃-၁၂-၂၀၂၄)ရက်၊ (ညနေ ၄:၃၀နာရီ)

၄။ **တင်ဒါဖွင့်မည့်ရက်** - ထပ်မံအကြောင်းကြားပါမည်။

၅။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာရုံး တောင်ကြီးမြို့

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တောင်ကြီးမြို့၊ မြန်မာ့သစ်လုပ်ငန်း၊ ရှမ်းပြည်နယ်(အရှေ့/တောင်)၊ ဒုတိယအထွေထွေမန်နေဂျာရုံးတွင် ရုံးချိန်အတွင်း လာရောက်မေးမြန်းနိုင်ပါသည်။ (ဖုန်း-၀၈၁-၂၁၂၁၅၆၀)

**တင်ဒါခေါ်ယူရေးကော်မတီ**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ စာဂျေဒဟ်ဘီ(ခ)ဒေါ်သီတာအေး ၁၀/ပမန(နိုင်)၂၈၂၉၃၉ နှင့် အိဗ်ရာဟီးမ်(ခ)ဦးထွန်းထွန်းဦး MME ၆၅၂၅၂၈တို့သည် လွန်ခဲ့သော (၅)နှစ်ခန့်က အကြင်လင်မယား အဖြစ်ပေါင်းသင်းခဲ့ကြပြီးနောက် သမီး (၁) ဦးထွန်းကားခဲ့ပါသည်။

စာဂျေဒဟ်ဟီ(ခ)ဒေါ်သီတာထွေးနှင့် အိဗ်ရာဟီးမ်(ခ)ဦးထွန်းထွန်းဦးတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့သဖြင့် (၂၂-၂-၂၀၂၃) ရက်စွဲပါ နှစ်ဦးသဘောတူ အစ္စလာမ်ဘာသာအရ ဘုရားလူကြီးများရှေ့တွင် သွလားက်(၃)ကြိမ်ပေးပြီး ကိုယ်တိုင်ကိုယ်ကျ အသီးသီးလက်မှတ်ရေးထိုးကာ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါ၍ (၂၂-၂-၂၀၂၃)ရက်မှစ၍ အိဗ်ရာဟီးမ်(ခ)ဦးထွန်းထွန်းဦးနှင့် စာဂျေဒဟ်ဘီ(ခ)ဒေါ်သီတာထွေးတို့သည်တစ်စုံတစ်ရာ ပတ်သက်ဆက် နွယ်မှုမရှိတော့သည့်အပြင် အိဗ်ရာဟီးမ်(ခ)ဦးထွန်းထွန်းဦးနှင့်ပတ်သက်သော ဖြစ်ပေါ်လာမည့်ကိစ္စရပ်တို့သည်လည်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ စာဂျေဒဟ်ဘီ(ခ) ဒေါ်သီတာထွေးနှင့် လုံးဝပတ်သက်ဆက်နွယ်မှုတစ်စုံတစ်ရာ မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စာဂျေဒဟ်ဘီ(ခ)ဒေါ်သီတာထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၆၈)**
**အမှတ်(၄၃)၊ ဈေးလမ်း၊ (၁၃)ရပ်ကွက်၊ ရင်းငြိမ်မြောက်ကျေးရွာ၊ ပေါင်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၅၃၆၆၈၂၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်၊ မြေဧရိယာ ၀.၁၁၀ ရှိ မြေကွက်အမှတ်(ပ-၂၀၃၁၁)ကို အမည်ပေါက် ဒေါ်မို့မို့ခိုင်(ဘ)ဦးကြင်ခိုင် ၁၂/သလန(နိုင်)၀၁၈၀၇၇မှ ဒေါ်ထက်ထက်စိုး(ဘ) ဦးမောင်လှိုင် ၉/ပမန(နိုင်)၀၀၁၆၅၉နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၁၊ ဦးပိုင်အမှတ် ၁၁၈-ည/၃၊ ၆၃Aလမ်းနှင့် ၊ ၂၀x၂၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းကျော် ၅/မမတ(နိုင်) ၀၁၆၉၈၁၊ ဒေါ်ဝါဝါအေး ၅/မမတ(နိုင်) ၀၀၈၅၇၂ တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/2342၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/3246 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁၈

ဦးမြင့်ထွန်း(ခ)ဦးဝင်းကို **နှင့်** ဦးသိန်းရွှေ
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အကွက်(ဗ-၁၈၊ ၁၁၄(ဒီ)လမ်း၊ ၅၄x၅၅လမ်းကြား၊ မြရည်နန္ဒာရပ်ကွက်၊ ဦးသိန်းရွှေ(ဘ)ဦးယုံ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးမြင့်ထွန်း(ခ)ဦးဝင်းကိုက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဆဆ-၄)၊ ဦးပိုင်အမှတ် (၁၀)၊ ဧရိယာ(၀ဒသမ၀၅၅၁)ကေ အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၃ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/8308 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၂၀၂၃)၊ ဧရိယာ(၀ဒသမ၀၅၅)ကေရှိ ဒု-တပ်ကြပ်စိန်လေး အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မေဇူလိုင်စိုး ၉/ပမန(နိုင်) ၁၆၉၉၂၅မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီသို့ ပေးသွင်းထားသည့် ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူး ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ရေချမ်းအိုးကျေးရွာ၊ ကွင်းအမှတ်(၆၇၅)၊ ကွင်းအမည် (ရေချမ်းအိုးတောင်)၊ ဦးပိုင်အမှတ်(၂၀၂)၊ရွာမြေဧရိယာ(၀.၇၆)ကေအတွင်းမှခွဲစိတ်၍ အကွက်အမှတ်(ခ-၁)၊ အကျယ် အဝန်း(၅၃x၅၄x၅၈x၅၅)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC အမျိုးအစား(၂)ထပ်တိုက် ရေမီးအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးကျော်ဇေယျ ၁၄/ပပတ(နိုင်) ၁၂၆၂၇၂ ထံမှ ကျွန်တော် ဦးအောင်မိုးချစ် ၈/ဆဖန(နိုင်)၀၉၁၃၉၅က ၂၇-၁၁-၂၀၂၄ရက်စွဲပါ နှစ်ဦးသဘောတူ မြေနှင့်နေအိမ် စရန်ပေးအရောင်း အဝယ်ကတိစာချုပ် ချုပ်ဆို၍ စရန်တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်တော့်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၁၄ရက်ထက်ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါက "အပြီးသတ်ငွေပေးချေခြင်း" အရောင်းအဝယ်စာချုပ်အား တရားဥပဒေနှင့်အညီ ဆက်လက်ချုပ် ဆို သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မိုးချစ် ၈/ဆဖန(နိုင်)၀၉၁၃၉၅**
**ဒေါ်သာကျေးရွာ၊ ဆိပ်ဖြူမြို့ ဖုန်း-၀၉-၂၀၄၅၆၅၀**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ကွင်း/အကွက်အမှတ်(RAIII/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၂၅၂-ဇ)၏ မြေဧရိယာ(၀.၀၅၇)ကေ ရှိ ဂရန်အမှုတွဲအမှတ် (၅၃၆/၂၀၂၃-၂၄)အရ ဒေါ်ကွမ်းဆုံအမည်ပေါက် ဂရန်မြေကွက်နှင့် ဦးပိုင်အမှတ်(၂၅၂-ဍ)၏ မြေဧရိယာ (၀.၁၂၅)ကေရှိ ဂရန်အမှုတွဲအမှတ် (၄၅၅/၂၀၂၃-၂၄)အရ ဒေါ်ကွမ်းဆုံအမည်ပေါက် ဂရန်မြေကွက်၊ မြေကွက်(၂)ကွက်ပေါင်းဧရိယာ(၀.၁၈၂)ကေရှိမြေကွက်နှင့် ၎င်းမြေပေါ်တွင်ဆောက်လုပ်ထားသော R.C သုံးထပ်အဆောက်အအုံ၊ ရေမီးမီတာအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ကွမ်းဆုံမှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြဖြူဖြူမင်း (စဉ်-၄၀၁၉၄) (အထက်တန်းရှေ့နေ) (LL.B, D.B.L, D.I.L, I.P.Law)**
**ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၅၀၉၃၃၃၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀.၀၅၅ကေရှိ ဒေါ်လုစိန် ၁၃/နမတ(ပြု)၀၀၀၆၂၈(ဘ) YAN CHUN HWAY အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၀၃၅၈)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၃၁/၂၀၂၃(၂၆-၆-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကျော်ဇေယျ ၁၄/ကလန(နိုင်)၀၈၁၈၇၈(ဘ) ဦးမြင့်ဆွေမှ ဒေါ်နွယ်နီဦး ၁/ဗမန(နိုင်)၀၆၆၆၈၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ကြယ်စင်မြို့တော်အိမ်ရာအတွင်းရှိသန်လျင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် City Loft, တိုက်အမှတ် CL-9,6လွှာ၊ အခန်းအမှတ်(610)၊ အခန်းအမျိုးအစား1Bedroom၊ အကျယ်အဝန်းဧရိယာ (၄၈၄)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းတွင်ပါရှိသော လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများ၊ တိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်မြမြသိန်း ၁၂/ပဇတ(နိုင်)၀၀၆၉၈၅ ထံမှ ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်ဆွေဇင်မြတ် ၈/မကန(နိုင်)၁၁၈၁၈၉မှ စရန်ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လို ပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ရက်အတွင်း ကျွန်တော်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားပါမည်။

**ဒေါ်ဆွေဇင်မြတ်**
**ဖုန်း-၀၉-၇၉၈၁၇၉၈၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်ရှိ၊ ကွင်းအမှတ်(၇)၊ မြေကွက်အမှတ်(၂၄+၂၅+၂၆+၂၇+၂၈)၊ ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ(၄ဒသမ၂၆၁)ကေ၊တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ် ၁/၁၉၉၃-၁၉၉၄၊ အမှတ်(၂)၊ ပြည်သူ့ရဲတပ်ဖွဲ့စခန်း၊ တောင်ကြီးမြို့အမည်ဖြင့် ရရှိထားသော ဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ဒုရဲမှူးမျိုးကျော်သူ(တောင်ကြီးနယ်မြေရဲစခန်း၊ စခန်းမှူး)မှ ဂရန်မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမိုး(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၇၆)**
**မင်္ဂလာလမ်းသွယ်၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၂၅၀၉၄၀၈၅၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ပျဉ်းမနားမြို့၊ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၈/မစိုးရိမ်အရှေ့ရပ်၊ ဦးပိုင်အမှတ် (၉[စ/၁])၊ဧရိယာ(၀ဒသမ၆၇၇)ကေရှိ ဦးကျွယ်(ပါ)၂-ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ရီရီနွယ် ၉/ပမန(နိုင်) ၁၁၆၉၈၁ မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်များ၊နိုင်ငံသားစိစစ်ရေးကတ်၊အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၄၅၊ ဦးပိုင်အမှတ် ၄၁-စ ခဲစင်းတောင်ခြမ်း/၈၄လမ်း၊ ၃၅x၃၆လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးမောင်မောင် ၉/မရတ(နိုင်)၀၅၉၉၈၉က ဘိုးဘစာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွာနုတ္တသမီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ လျှော်ပင်ကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဌေး(ဘ)ဦးအေးမောင် PDE - ၁၅၅၉၉၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဌေး၏ သမီးဖြစ်သူ မဇွန်ပွင့်ဖြူ (ဘ) ဦးခင်မောင်မြင့် ၉/ဝတန(နိုင်) ၁၇၁၂၂၉သည် မိခင်ကြီး ဒေါ်စန်းစန်းဌေး၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ခွင့်မလွှတ်နိုင်သည့်အပြုအမူများလုပ်ဆောင်ခဲ့သည့်အတွက် ပတ်ဝန်းကျင်၌ ဂုဏ်သိက္ခာကျဆင်းပြီး အကျိုးနည်းခြင်းတို့ဖြစ်ပေါ်စေခဲ့သည့်အကြောင်းတို့ကြောင့် ယနေ့မှစ၍ သွာနုတ္တသမီးဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးသည် မိခင်ကြီး ဒေါ်စန်းစန်းဌေးနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဌေး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝေဖြိုးမောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၂၄)**
**အမှတ်(၃)၊ ဗဟိုရပ်၊ ဝမ်းတွင်းမြို့၊**
**ဖုန်း-၀၉-၂၆၅၀၀၈၂၇၇၊ ၀၉-၆၆၆၈၈၁၀၁၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/28170, Luojia-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိမ်းဝထွန်း ၁၄/ပသန(နိုင်) ၃၆၇၆၀၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 64W/02653, Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်လွင် ၁၄/ငပတ(နိုင်)၀၀၅၆၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5J/5826, Hyundai Starex, Mini Bus (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၂/တကန(နိုင်) ၀၃၁၃၈၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## ဦးချစ်ကိုကိုသိန်း ၁၂/တမန(နိုင်)၁၂၀၆၅၃နှင့် အများသိစေရန်ကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လတ်လတ်သိန်း(ခ)ဂျူးဂျူး (၁၂/တမန(နိုင်)၀၀၅၉၈၅)၊ အမှတ်(၄၆၃)၊ ရွှေကျီးလမ်း၊ ဆင့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-

လူကြီးမင်းသိစေရန်မှာ လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်အတွင်း၌ စည်ပင်သာယာ နယ်နိမိတ်လက်ယက်စမ်းကျေးရွာတွင် တည်ရှိသော အောက်ဖော်ပြပါ မြေကွက်နှင့် ထိုမြေကွက်များပေါ်ရှိ သီးပင်စားပင် အပါအဝင် အကျိုးခံစားခွင့်အဝဝကို ဝယ်ယူရန်နှင့် ဝင်ရောက်ကျူးကျော်နေသူများအား ရှင်းလင်းပေးမည်ဆိုကာ ဟန်ဆောင် အရောင်းအဝယ်စာချုပ်ကို ဦးချိုချိုဦးနှင့် ဦးခင်ဦးတို့ရှေ့မှောက်တွင် ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ (၁၉)ရက်တွင် စာချုပ်ချုပ်သွားပါသည်။

၂၀-၁၂-၂၀၂၁ ရက်တွင် နှစ်ဦးသဘောတူမြေကွက်အပြီးအပိုင် ကတိစာချုပ် ဟုဆိုကာ လူကြီးမင်းရေးယူလာသော ယင်းစာချုပ်အား မြေနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များဆောင်ရွက်ရန်အတွက် ပြောဆိုပြီး ဦးခင်ဦးနှင့် ဦးချိုချိုဦးတို့အား အသိသက်သေထားပြီး နိုတြီစာချုပ် ပြုလုပ်ချုပ်ဆိုခဲ့ပါသည်။ ယင်းသို့ပြုလုပ်ပြီး ချိန်မှစ၍ လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေထံသို့ လာရောက်ခြင်းမရှိတော့ဘဲ အထက်ဖော်ပြပါ စာချုပ်များကိုလည်း လူကြီးမင်းသဘောဆန္ဒအတိုင်း ပြုလုပ်ပြီး လိမ်လည်လှည့်ဖြားရန်အတွက် အခြားသူတစ်ဦးအား ထပ်ဆင့်ရောင်းချရန် ဆောင်ရွက်နေကြောင်း သက်ဆိုင်ရာလူကြီးများက အကြောင်းကြားသိရှိလာသဖြင့် ကျူးကျော်သူများအား ဖယ်ရှားရန် အောက်ပါမြေကွက် (၃)ကွက်နှင့် စပ်လျဉ်း၍ လက်ယက်စမ်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကျွန်ုပ်မိတ်ဆွေမှ ဖြေရှင်းခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေက ဦးချစ်ကိုကိုသိန်းအား ကျူးကျော်ရှင်းလင်းရန်သာ အကူအညီ တောင်းခံခဲ့ပြီး ဦးချစ်ကိုကိုသိန်းအား ရောင်းချခြင်း မဟုတ်ပါ။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ၊ အမှတ်(ယခင်-၂၉) (ယခု-၄၄)၊ ဦးပိုင် အမှတ်(၆၅၂)၊ ဧရိယာ ၄ ဒသမ ၅၁ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင် အပါအဝင် အကျိုးခံစားခွင့်အရပ်အရပ်အားလုံး။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာ၊ မဇီးဖြူတောင်တွင်းအမှတ်-၆၈၊ မြေကွက်အမှတ်-၂၅၃၊ ဦးပိုင်အမှတ်-၃၆၊ ဧရိယာ ၂ ဒသမ ၅၇ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာ၊ မဇီးဖြူတောင်တွင်း အမှတ်-၆၈၊ မြေကွက်အမှတ်-၃၄၊ (ယခင်ဦးပိုင်အမှတ်-၂၆)၊ ဧရိယာ ၄ ဒသမ ၁၄ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်(၃)ကွက်ကို ကျွန်ုပ်မိတ်ဆွေက ၂၃-၁၀-၂၀၀၂ ရက်ကတည်းက တရားဝင်ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်ပါသည်။ ယင်းဖော်ပြပါ မြေကွက်(၃)ကွက်ကို ဦးချစ်ကိုကိုသိန်းက မြေကွက်များပေါ်တွင်ဝင်ရောက် ကျူးကျော်နေသူများ ဖယ်ရှားရန်နှင့် ရုံးကိစ္စများဆောင်ရွက်ရန်အတွက်ဟုဆိုကာ ဟန်ဆောင်အရောင်းအဝယ် စာချုပ်လိမ်လည်ချုပ်ဆိုသွားပြီး ကျွန်ုပ်မိတ်ဆွေ နေရာတွင် အခြားသူတစ်ဦးအား အစားထိုး၍ နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်တစ်ခုကို အခြေပြုပြီး စာချုပ်အတုလုပ်၍ အခြားသူအား ရောင်းချရန် ၂၆-၁၁-၂၀၂၄ ရက်တွင် သိရှိရသဖြင့် သက်ဆိုင်ရာ လက်ယမ်းစမ်းကျေးရွာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံတွင် ဖြေရှင်းခဲ့ပြီး မှတ်တမ်းတင်ထားရှိကြောင်း ကျွန်ုပ်မိတ်ဆွေက လူကြီးမင်းအား ရောင်းချထားခြင်း မရှိပါ။ ကျွန်ုပ်မိတ်ဆွေပိုင် ဖော်ပြပါမြေကွက်(၃)ကွက်ကို စာချုပ်အတုပြုလုပ်ပြီး အခြားသူအား ရောင်းချရန် ပြုလုပ်နေကြောင်း ကျွန်ုပ်မိတ်ဆွေမှ လက်မခံပါ။ ၂၇-၁၁-၂၀၂၄ ရက်တွင် ကျွန်ုပ်မိတ်ဆွေ၏ လက်မှတ်ကို အတုပြုလုပ်ပြီး အရောင်းအဝယ်ပြုလုပ်ရန် ကြိုးစားနေသဖြင့် ကျွန်ုပ်မိတ်ဆွေက ယင်းကိစ္စကို လူကြီးမင်း၏ ရှေ့မှောက်တွင်ပင် လက်ယက်စမ်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဖြေရှင်းပြီး မှတ်တမ်းတင်ထားပြီးဖြစ်ပါသည်။ လူကြီးမင်းအနေဖြင့် လိမ်လည်မှုများကို ရပ်တန့်ကရပ်ရန် သတိပေးအပ်ပါသည်။ ဆက်လက်ဆောင်ရွက်နေမည်ဆိုပါက လူကြီးမင်းအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို လူကြီးမင်းသိစေအပ်ပါသည်။ လူကြီးမင်းအနေဖြင့် မူလကတည်းက ပျက်ပြယ်နေသော စာချုပ်များကို အလွဲသုံးစားပြုလုပ်ပြီး ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွား ဂုဏ်သိက္ခာကိုထိခိုက်နစ်နာလာအောင် ဆောင်ရွက်လာပါက လူကြီးမင်းအပေါ် တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးချစ်ကိုကိုသိန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လတ်လတ်သိန်း(ခ)ဂျူးဂျူး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ဖြူ**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၃၅၈၂)**
**အမှတ်(၂၉၂)၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၅၁၂၆၇၂၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/73784 Canda Super Wave - 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်မြတ်မွန် ၅/ရဥန(နိုင်)၁၁၄၃၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/95433 Feiling 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းဦး ၁၄/ပသန(နိုင်) ၁၉၁၈၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကြော်ငြာစာ

